# ပြည်ထဲရေး

ပြည်ထဲရေး

သတင်းလွှာ

အတွဲ (၂၀)၊ အမှတ် (၇) ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၁) ရက်


## ၂၀၂၅ ခုနှစ် ပြည်ထဲရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကျင်းပ





၂၀၂၅ခုနှစ်၊ ပြည်ထဲရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ၂၀-၆-၂၀၂၅ ရက်နေ့၊ ၁၇၀၀ အချိန်တွင် နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ လယ်ဝေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝန်းမြေနေရာ၌ကျင်းပပြုလုပ်ရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ဦးဆောင်သော ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့် ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ အရာရှိကြီးများ၊ တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် သဘာဝသယံဇာတထိန်းသိမ်းရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ တစ်နိုင်ငံလုံး သစ်တောဖုံးလွှမ်းမှုကောင်းမွန်စေရန်၊ မြို့ပြနှင့်ကျေးလက်များ စိမ်းလန်းစိုပြေသန့်ရှင်းသာယာလှပစေရန်၊ သစ်တောဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းနိုင်ရန်နှင့် ပြည်သူများ အပန်းဖြေနားနေစရာစိမ်းလန်းမြေများ ဖွံ့ဖြိုးလာစေရန် ရည်ရွယ်ပြီး နိုင်ငံတစ်ဝန်းလုံးတွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို ကျင်းပပြုလုပ်လျက်ရှိကြောင်း၊ နေပြည်တော်သည် နိုင်ငံတော်၏ မြို့တော်ဖြစ်သဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့်အတွက် **Green City, Smart City** အဖြစ် တိုးတက်အောင် ဆောင်ရွက်ပြီး အခြား တိုင်းဒေသကြီး၊ ပြည်နယ်များ၏စံပြနယ်မြေတစ်ခုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းပါဝင်ပြီး သစ်တောသစ်ပင်များနှင့် စိမ်းလန်းစိုပြေစေရေး၊ သဘာဝပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးတို့ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း သစ်ပင်သစ်တောများဖြင့် စိမ်းလန်းစိုပြေပြီး သဘာဝပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်ရန်နှင့် ယနေ့စိုက်ပျိုးသည့် သစ်ပင်ပန်းပင်များ စဉ်ဆက်မပြတ် ရေရှည်တည်တံ့ခိုင်မြဲစွာ ရှင်သန်စေရေး ဝိုင်းဝန်းစောင့်ရှောက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ဦးဆောင်၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်ကျော်ကျော်၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ တပ်ဖွဲ့/ဦးစီးဌာနများမှ အရာရှိကြီးများနှင့်တပ်ဖွဲ့ဝင်၊ ဝန်ထမ်းများက ပြည်ထဲရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် အထိမ်းအမှတ်သစ်ပင်များကို သတ်မှတ်နေရာအသီးသီးတွင် စိုက်ပျိုးပေးကြသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် တာဝန်ရှိသူများနှင့်အတူ တပ်ဖွဲ့ဝင်၊ ဝန်ထမ်းများ၏စုပေါင်း သစ်ပင်စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယခု ကျင်းပပြုလုပ်သည့် ၂၀၂၅ ခုနှစ်၊ ပြည်ထဲရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်း ၂၅၆ ပင်၊ ပျဉ်းကတိုး ၂၀၀ ပင်၊ သရက် ၉၄ ပင်၊ ပိန္နဲ ၈၁ ပင်၊ ကျွဲကော ၁၄၄ ပင်၊ ချယ်ရီ ၁၄၅ ပင်၊ စိန်ပန်းပြာ ၁၄၅ ပင်၊ စုစုပေါင်း ၁၀၆၅ ပင်အား စိုက်ပျိုးခဲ့ကြသည်။

အလားတူ ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများ၏ ရုံးချုပ်များနှင့် တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးရှိ ရုံး၊ ဌာနများတွင်လည်း မိုးရာသီသစ်ပင်စိုက်ပွဲများကျင်းပ၍ ရတနာတန်းဝင်ပင်များ၊ အရိပ်ရလေကာပင်များ၊ သီးပင်စားပင်များအား တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး ပြည်ထဲရေးဝန်ကြီးဌာနတစ်ခုလုံးအနေဖြင့် ၂၀-၆-၂၀၂၅ ရက်နေ့တွင် စုစုပေါင်းသစ်ပင် ၃၆၅၁၇ ပင်ကို စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။


**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ဝန်ထမ်းသား/သမီးများအား ပညာသင်စရိတ်နှင့် ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကျင်းပ**
စာ(၂)သို့

**မီးသတ်ဦးစီးဌာန**
**ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ရေဘေးသတ္တာန်တူ ဇာတ်တိုက်သရုပ်ပြလေ့ကျင့်**
စာ(၅)သို့

**ရဲအရာရှိဥပဒေ(မွမ်းမံ)သင်တန်းအမှတ်စဉ် (၉/၂၀၂၅)သင်တန်းဖွင့် အခမ်းအနားကျင်းပ**
စာ(၁၂)သို့

## ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ဝန်ထမ်းသား/သမီးများအား ပညာသင်စရိတ်နှင့် ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကျင်းပ





ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ကောင်စီရုံး၊ ဇမ္ဗူသီရိခန်းမ၌ ၃၁-၅-၂၀၂၅ ရက်နေ့၊ ၀၉၀၀ အချိန်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ဝန်ထမ်းသား/သမီးများအား ပညာသင်စရိတ်နှင့် ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးတိုးဝင်း၊ နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဝန်ထမ်းများ၏ သား/သမီးများ တက်ရောက်ခဲ့ကြပြီး ဝန်ထမ်းသား/သမီး ကျောင်းသား/သူ စုစုပေါင်း ၁၁၃ ဦးအတွက် ပညာသင်စရိတ် ချီးမြှင့်ငွေ ၂,၃၈၀,၀၀၀/-(ကျပ်နှစ်ဆယ့်သုံးသိန်းရှစ်သောင်းတိတိ)နှင့် ကျောင်းသုံးဗလာစာအုပ်များ၊ ခဲတံများနှင့် ဘောပင်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ဝန်ထမ်းသား/သမီးများအား ပညာသင်စရိတ်နှင့် ကျောင်းဝတ်စုံ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကျင်းပ

ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့၊ ရောရွှေဝါခန်းမ၌ ၁-၆-၂၀၂၅ ရက်နေ့၊ ၀၉၃၀ အချိန်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ဝန်ထမ်းသား/သမီးများအား ပညာသင်စရိတ်နှင့် ကျောင်းဝတ်စုံ ချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးနေဝင်းအောင်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းများ၏ သား/သမီးများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ဝန်ထမ်းသား/သမီး ကျောင်းသား/သူများအား ပညာသင်စရိတ်နှင့် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။



## ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား တူညီဝတ်စုံ (Uniform) ချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားကျင်းပ



ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ၂-၆-၂၀၂၅ ရက်နေ့၊ ၁၄၀၀ အချိန်တွင် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား တူညီဝတ်စုံ (Uniform) ချီးမြှင့်ပေးအပ်ပွဲ အခမ်းအနား ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြပြီး ဝန်ထမ်းများအား တူညီဝတ်စုံ (Uniform) ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ၂၀၂၅ ခုနှစ်၊ ပါဠိပထမပြန်စာမေးပွဲဖြေဆိုနေမှု အခြေအနေအား ကြည့်ရှုအားပေး

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးသိုက်ထွန်းသည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ်သံဃနာယကအဖွဲ့၊ စာမေးပွဲကြီးကြပ်ရေးဆရာတော်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ စုစုပေါင်းအင်အား ၃၅ ဦးတို့နှင့်အတူ ၄-၆-၂၀၂၅ ရက်နေ့၊ ၁၂၀၀ အချိန်တွင် တမူးမြို့၊ မြို့မရပ်ကွက်ရှိ မြို့မဘုန်းတော်ကြီးကျောင်း အဂ္ဂမဟာဓမ္မဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်သည့် ၂၀၂၅ ခုနှစ်၊ ပါဠိပထမပြန် စာမေးပွဲဖြေဆိုနေမှုအခြေအနေအား ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## တရားမဝင်နိုင်ငံခြားသားများ လွှဲပြောင်းအပ်နှံနေမှုအခြေအနေအား ကြီးကြပ်ဆောင်ရွက်

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၌ ၆-၆-၂၀၂၅ ရက်နေ့၊ ဝ၈ဝဝ အချိန်တွင် တရားမဝင်နိုင်ငံခြားသားများအား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်း နေမှုအခြေအနေအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းစံလင်း(ခရိုင်အုပ်ချုပ်ရေးမှူး)သည် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့်အတူ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။





## ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ မြို့နယ်အဆင့်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးခရိုင်၊ ရေဦးမြို့၊ အောင်ဆန်းရပ်ကွက်၊ အ.ထ.က(၁)၊ ပညာရတနာခန်းမ၌ ၂၇-၅-၂၀၂၅ ရက်နေ့၊ ဝ၉ဝဝ အချိန်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ မြို့နယ်အဆင့်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းသူရ (ခရိုင်အုပ်ချုပ်ရေးမှူး)၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဆရာ/မများ၊ ကျောင်းသား/သူများ စုစုပေါင်းအင်အား ၁၃၀ ဦးတို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။





## စူဠဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့၊ မဟာရွှေစည်ကြီး သာသနာ့ဗိမာန်တော်၌ စူဠဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဦး၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း အင်အား ၇၀ ဦးတို့ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူးက ၂၀၂၅-ခုနှစ်၊ ပါဠိပထမပြန်စာမေးပွဲတွင် အောင်မြင်တော်မူကြသည့် ရဟန်း၊ သီလရှင်များအား စာအောင်ဆုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။



## သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူ



ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ မြန်အောင်မြို့နယ်၊ နေခြည်စျေးရှေ့၌ ၁၁-၅-၂၀၂၅ ရက်နေ့၊ ဝ၉၃ဝ အချိန်တွင် သံဃာတော်များအား ဆွမ်းဆန်စိမ်း လောင်းလှူခြင်းအခမ်းအနား ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင် (ခရိုင်အုပ်ချုပ်ရေးမှူး)၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ စုစုပေါင်းအင်အား ၁ဝဝ ဦးတို့ တက်ရောက်ခဲ့ပြီး ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြောင်း သတင်းရရှိပါသည်။

## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ၂၀၂၅ ခုနှစ်၊ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကျင်းပ

မွန်ပြည်နယ်၊ ကျိုက်ထိုခရိုင်၊ ကျိုက်ထိုမြို့နယ်၊ မြို့ရှောင်လမ်းဘေး၌ ၅-၆-၂၀၂၅ ရက်နေ့၊ ၀၉၀၀ အချိန်တွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ၂၀၂၅ ခုနှစ်၊ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနား ကျင်းပ ပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံစောလှိုင် (ခရိုင်အုပ်ချုပ်ရေးမှူး)သည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဆရာ/မများနှင့် ကျောင်းသား/သူများ တက်ရောက်ခဲ့ကြပြီး ကျွန်း၊ ပျဉ်းကတိုး၊ ပျဉ်းမ၊ မဟော်ဂနီ၊ သစ်တို၊ ကံ့ကော်၊ မန်ကျည်း၊ သင်္ဘော၊ သက်န်း၊ ဖန်ခါး၊ ယမနေနှင့် စိန်ပန်းစသည့် ပျိုးပင်ပေါင်း အပင် ၁၀၀၀ ပင်တို့အား စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိပါသည်။



## ဆွမ်းဆန်စိမ်းနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်း



မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့၊ ရတနာမာန်အောင်ရပ်ကွက်၊ ရွှေမြင်တင်စေတီတော်ကြီး၌ ၁၁-၅-၂၀၂၅ ရက်နေ့၊ ၀၇၀၀ အချိန်တွင် ဆွမ်းဆန်စိမ်းနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်ဦး (ခရိုင်အုပ်ချုပ်ရေးမှူး)သည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ခရိုင်/မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဂေါပကအဖွဲ့များနှင့်အတူ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြောင်း သတင်းရရှိပါသည်။

## အစိုးရပါဠိပထမပြန်စာမေးပွဲ ဖြေဆိုနေမှုအခြေအနေအား ကြည့်ရှုအားပေး

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်၊ မဟာဝိဇိတာရုံကျောင်းတိုက်၌ ၆-၆-၂၀၂၅ ရက်နေ့၊ ၁၂၀၀ အချိန်တွင် အစိုးရပါဠိပထမပြန် စာမေးပွဲဖြေဆိုနေမှု အခြေအနေအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေနော်ဝင်း (မြို့နယ်အုပ်ချုပ်ရေးမှူး)သည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုအားပေးခဲ့ပြီး စာဖြေသံဃာများအား သင်္ကန်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။



## ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ဝေဇယန္တာလမ်း၊ တောင်ဥက္ကလာဂေါက်ကွင်းရှေ့တွင် ယာဉ်တိုက်မှုဖြစ်ပွား



၂၀-၆-၂၀၂၅ ရက်နေ့၊ ၁၇၂၀ အချိန်ခန့်က ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ဂန္ဓမာလမ်းတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဘက်မှ မောင်းနှင်လာသော SUZUKI CARRY အမျိုးအစား(အဖြူရောင်)ယာဉ်သည် ကားဘရိတ်ပေါက်၍ တစ်ဘက်ယာဉ်ကြောရှိ ZONE MINI BUS အမျိုးအစား (အဖြူရောင်)အား ဝင်ရောက်တိုက်မိပြီး ယာဉ်မောင်းတစ်ဦး ကားခေါင်းခန်းအတွင်း ညပ်နေကြောင်း သတင်းရရှိသဖြင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ရှာဖွေကယ်ဆယ်ရေးယာဉ်(၁)စီး၊ တောင်ဥက္ကလာပမြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်(၁)စီး၊ မရမ်းကုန်းမြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်(၁)စီး၊ သန္ဒေမီးသတ်တပ်ဖွဲ့ဝင်များဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ SUZUKI CARRY အမျိုးအစား(အဖြူရောင်)ယာဉ် ကားခေါင်းခန်းအတွင်းညပ်နေသော အမျိုးသား(၁)ဦး(မစိုးရိမ်ရ)အား သုခသာရီလူမှုကူညီရေးအသင်းသူနာတင်ယာဉ်ဖြင့် မြောက်ဥက္ကလာပမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၁၂)ရပ်ကွက်နေအိမ်ရှိရေတွင်းအတွင်း၌ အောက်ဆီဂျင်ပြတ်၍ သေဆုံးမှုဖြစ်ပွား

၃၁-၅-၂၀၂၅ ရက်နေ့၊ ၀၈၁၀ အချိန်ခန့်တွင် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၁၂)ရပ်ကွက်နေအိမ်ရှိ ရေတွင်းအတွင်းရှိကျောက်တုံးနှင့် အမှိုက်များ ဆင်းဆယ်ရာမှ အမျိုးသား(၁)ဦး အောက်ဆီဂျင်ပြတ်၍သေဆုံးမှုဖြစ်ပွားနေကြောင်း သတင်းရရှိသဖြင့် ပခုက္ကူမြို့နယ်မီးသတ်စခန်းမှ သန္ဒေမီးသတ်တပ်ဖွဲ့ဝင်များဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ သေဆုံးသူအမျိုးသား(၁)ဦး ရုပ်အလောင်းအား ဂရုဏာရှင်လူမှုကူညီရေးအသင်းယာဉ်များဖြင့် ပခုက္ကူမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ကန်သာယာကန်နှင့် ဇွဲကပင်ခန်းမတို့တွင် ရေဘေးသဏ္ဍာန်တူဇာတ်တိုက်သရုပ်ပြလေ့ကျင့်

မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန် (၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ၁၄-၆-၂၀၂၅ ရက်နေ့၊ ၀၉၀၀ အချိန်ခန့်တွင် ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ကန်သာယာကန်နှင့် ဖွဲကပင်ခန်းမတို့တွင် ရေဘေးသဏ္ဍာန်တူ ဇာတ်တိုက်သရုပ်ပြ လေ့ကျင့်ခြင်းအခမ်းအနားကျင်းပခဲ့ရာ အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သန္ဓေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များ စုစုပေါင်းအင်အား ၅၀၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ ROYAL LAKE ရေပြင်ကန်တွင် ရေဘေးသဏ္ဍာန်တူဇာတ်တိုက်သရုပ်ပြလေ့ကျင့်



မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန် (၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ၂၆-၆-၂၀၂၅ ရက်နေ့၊ ၀၉ ၀၀ အချိန်ခန့်တွင် ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ ROYAL LAKE ရေပြင်ကန်တွင် ရေဘေးသဏ္ဍာန်တူ ဇာတ်တိုက်သရုပ်ပြလေ့ကျင့်ခြင်း အခမ်းအနား ကျင်းပခဲ့ရာ အခမ်းအနားတွင် ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သန္ဓေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များ စုစုပေါင်းအင်အား ၂၅၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## မြစ်ကြီးနားမြို့နယ်တွင် ရောဝတီမြစ်ရေဝင်ရောက်မှုကြောင့် မြစ်ရေဝင်သောရပ်ကွက်များတွင်ရွှေ့ပြောင်းကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန် (၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ၁-၆-၂၀၂၅ ရက်နေ့၊ ၀၆၀၀ အချိန်တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေနိမ့်ပိုင်းရပ်ကွက်များတွင် မြစ်ရေများဝင်ရောက်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် မြစ်ကြီးနားမြို့နယ်မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များသည် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ပြီး မြို့နယ်အတွင်းရှိ မြေနိမ့်ပိုင်းရပ်ကွက်များမှအိမ်ထောင်စုများအား ရေဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးခဲ့ကြောင်း သတင်းရရှိခဲ့ပါသည်။



## မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ဘေးမဲ့ရပ်ကွက်တွင် သောက်သုံးရေလှူဒါန်းမှု



မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန် (၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ၂၆-၅-၂၀၂၅ ရက်နေ့၊ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ဘေးမဲ့ရပ်ကွက်တွင် ရေနံချောင်းမြို့နယ်မီးသတ်စခန်းမှ သန္ဓေ မီးသတ်တပ်ဖွဲ့ဝင်များဖြင့် ရေဂါလန်(၁၆၀၀)အား သွားရောက် လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

## အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်တွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

၂၈-၃-၂၀၂၅ ရက်နေ့တွင် အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်အတွင်း အဆောက်အဦပိကျပျက်စီး၍ မြေငလျင်ဘေးသင့်သည့် ဇရပ်ကြီးကျေးရွာ၊ ဇရပ်ကြီးဘုန်းတော်ကြီးကျောင်း ဘုရားကျိန်ကျောင်းတည်ဆောက်ရေး လုပ်ငန်းများ၊ အင်းခြံကေလာကျေးရွာအုပ်စု၊ ကေလာကျေးရွာရှိ လူနေအိမ် အပျက်အစီးများအား ညောင်ရွှေမြို့နယ်မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် များသည် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရှင်းလင်းရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိခဲ့ပါသည်။



## တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အေးရိပ်ငြိမ်ရပ်ကွက်ရှိ လူနေအိမ်တွင် မြေဝင်ရောက်မှုဖြစ်ပွား

မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန် (၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ၉-၆-၂၀၂၅ ရက်နေ့၊ ၁၅၀၀ အချိန်ခန့်တွင် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အေးရိပ်ငြိမ်ရပ်ကွက်ရှိလူနေအိမ်တွင် လုံးပတ်(၃)လက်မ၊ အရှည်(၅)ပေခန့်ရှိသော စပါးကြီးမြွေဝင်ရောက်မှုဖြစ်ပွားနေကြောင်း သတင်းရရှိသဖြင့် ကော့သောင်းမြို့နယ်မီးသတ်စခန်းမှ အုပ်ချုပ်မှုယာဉ်(၁)စီး၊ သန္ဓေ (၅)ဦးတို့ဖြင့် သွားရောက်ဖမ်းဆီးခဲ့ပြီး ဘေးလွတ်ရာသို့ သွားရောက်လွှတ်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## မန္တလေးတိုင်းဒေသကြီးတွင် အင်အားပြင်းငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သော နေရာများအား ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်




၂၈-၃-၂၀၂၅ ရက်နေ့တွင် အင်အားပြင်းငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သော နေရာများအား ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ၂၁-၆-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ ယန္တရားများနှင့်အတူ ရုပ်အလောင်းကျန်ရှိနေသော မန္တလေးမြို့ **Sky Villa** အဆောက်အဦ**(A)** အဆောင်နှင့် **(B)**အဆောင်များအား ဖယ်ရှားရှင်းလင်းခြင်းနှင့် ရုပ်အလောင်းထုတ်ယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **(B)** အဆောင် အခန်းအမှတ် **G-2**မှ ရှာဖွေတွေ့ရှိခဲ့သော မြန်မာငွေ ၁၇,၇၇၅,၀၀၀ ကျပ်၊ ရွှေ ၁၀ ကျပ်သားတုံး ၃တုံး၊ ရွှေလက်စွပ် ၇ ကွင်း၊ ရွှေနားကပ် ၅ ရံ၊ ဆွဲသီး ၈ ခု၊ ဟန်းချိန်း ၁ ခု၊ ပလက်တီနမ် ဟမ်းချိန်း ၁ ခု၊ ရွှေဆွဲကြိုး ၅ ကုံး၊ ရွှေကြယ်သီး ၁ ခု၊ ပလက်တီနမ်ဆွဲကြိုး ၅ ကုံး၊ စမတ်ကဒ် ၂ ခု၊ **owner book** ၂ အုပ် အရေးကြီးစာရွက်စာတမ်းများအား ပစ္စည်းလက်ခံလွှဲပြောင်းရေးအဖွဲ့သို့အပ်နှံခဲ့ပြီး ပိုင်ရှင်ထံသို့ လွှဲပြောင်းပေးအပ်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ နောင်လေကျေးရွာ၊ ပြည်ထောင်စုလမ်းမကြီး၊ တောင်ကြီး-ဟိုပုံးသွားလမ်းတွင် မီးလောင်မှုဖြစ်ပွား

၂၃-၅-၂၀၂၅ ရက်နေ့၊ ၁၇၁၀ အချိန်ခန့်က ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ နမ်းဆီးကျေးရွာအုပ်စု၊ နောင်လေကျေးရွာ၊ ပြည်ထောင်စုလမ်းမကြီး၊ တောင်ကြီး-ဟိုပုံးလမ်း၊ မိုင်တိုင်အမှတ်(၁၂၄/၀)မိုင်တွင် တောင်ကြီးမှ ဟိုပုံးသို့ ယာဉ်မောင်း(စုံစမ်းဆဲ) မောင်းနှင်လာသော ယာဉ်အမှတ် **(MDY-10-7B/5552) Nissan Disel** (အဖြူရောင်) ဆီဘောက်ဆာတွဲယာဉ်သည် ဘရိတ်ပေါက်၍ အရှိန်မထိန်းနိုင်ဘဲ ယာဉ်မောင်း ဦးရဲထွဋ်မှူး မောင်းနှင်လာသော ယာဉ်အမှတ် **(9P/3221) Canter** (အဖြူရောင်) ယာဉ်နှင့် ဦးအောင်မင်းထွန်း မောင်းနှင်လာသော ယာဉ်အမှတ် **(AN/3741) Canter** (အဖြူရောင်) ယာဉ်တို့အား အနောက်မှဝင်တိုက်ကာ ထပ်မံ၍ တစ်ဖက်ယာဉ်ကြောရှိ ဦးဌေးအောင် မောင်းနှင်လာသော ယာဉ်အမှတ် **(YGN-39-7B/5552) Nissan** (၆)ဘီးယာဉ်နှင့် ဆိုင်ကယ်မောင်း(စုံစမ်းဆဲ) မောင်းနှင်လာသော **(SHN-22W/32024) Honda - 100** ဆိုင်ကယ်တို့အား ဝင်တိုက်မိပြီး မီးလောင်မှုဖြစ်ပွားကြောင်း ၁၇၁၉ အချိန် သတင်းရရှိသဖြင့် ရှမ်းပြည်နယ် မီးသတ်ဦးစီးမှူးရုံးမှ အုပ်ချုပ်မှုယာဉ် (၁)စီး၊ မီးငြိမ်းသတ်ယာဉ် (၄)စီး၊ ရေသယ်ယာဉ် (၁)စီး၊ တောင်ကြီးခရိုင် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် (၁)စီး၊ ရေသယ်ယာဉ် (၁)စီး၊ ဟိုပုံးမြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် (၂)စီး၊ ရေသယ်ယာဉ်(၁)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် (၇၄)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်



(၁၅)ဦးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၁၉၃၀ အချိန်တွင် မီးငြိမ်းခဲ့ပါသည်။ မီးလောင်မှုကြောင့် မော်တော်ယာဉ် (၃)စီးနှင့် ဆိုင်ကယ်(၁)စီး မီးလောင်ခံရကာ ဆီဘောက်ဆာ ယာဉ်မောင်း ကျား(၁)ဦး၊ ဆိုင်ကယ်မောင်းသူ မ(၁)ဦးတို့ သေဆုံးခဲ့ပြီး ကျား (၁)ဦး (စိုးရမ်ရ)နှင့် ကျား(၄)ဦး(မစိုးရိမ်ရ)တို့အား သူနာတင်ယာဉ်ဖြင့် တောင်ကြီးမြို့ စဝ်စံထွန်းပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိခဲ့ပါသည်။

## ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင်တည်ရှိသော မီးသတ်စခန်းများနှင့် တယ်လီဖုန်းနံပါတ်များ

| စဉ် | မီးသတ်စခန်း | တည်နေရာ | | တယ်လီဖုန်းနံပါတ် |
|---|---|---|---|---|
| | | မြို့နယ် | မိုင်တိုင်အမှတ် | |
| ၁ | (၁၁)မိုင်အမြန်လမ်းမကြီးမီးသတ်စခန်း | လှည်းကူး | ၀/၀ မှ ၂၃/၄ ထိ | ၀၉-၄၄၄၁၁၁၅၁ |
| ၂ | ဘောနပ်ကြီးအမြန်လမ်းမကြီးမီးသတ်စခန်း | ပဲခူး | ၂၃/၄ မှ ၄၅/၀ ထိ | ၀၉-၄၄၄၁၁၁၅၂ |
| ၃ | ဘောနီအမြန်လမ်းမကြီးမီးသတ်စခန်း | ဒိုက်ဦး | ၄၅/၀ မှ ၆၀/၀ ထိ | ၀၉-၄၄၄၁၁၁၅၃ |
| ၄ | အုတ်ရှစ်ကုန်းအမြန်လမ်းမကြီးမီးသတ်စခန်း | ဒိုက်ဦး | ၆၀/၀ မှ ၇၆/၀ ထိ | ၀၉-၄၄၄၁၁၁၅၄ |
| ၅ | မြို့ချောင်းအမြန်လမ်းမကြီးမီးသတ်စခန်း | ကျောက်တံခါး | ၇၆/၀ မှ ၁၀၅/၅ ထိ | ၀၉-၄၄၄၁၁၁၅၆ |
| ၆ | ဖြူးအမြန်လမ်းမကြီးမီးသတ်စခန်း | ဖြူး | ၁၀၅/၅ မှ ၁၂၀/၀ ထိ | ၀၉-၄၄၄၁၁၁၅၇ |
| ၇ | ဖောဓိကုန်းအမြန်လမ်းမကြီးမီးသတ်စခန်း | အုတ်တွင်း | ၁၂၀/၀ မှ ၁၅၆/၅ ထိ | ၀၉-၄၄၄၁၁၁၅၈ |
| ၈ | သာဂရအမြန်လမ်းမကြီးမီးသတ်စခန်း | ရေတာရှည် | ၁၅၆/၅ မှ ၁၈၅/၂ ထိ | ၀၉-၄၄၄၁၁၁၅၉ |
| ၉ | ပလွေးအမြန်လမ်းမကြီးမီးသတ်စခန်း | ဒက္ခိဏသီရိ | ၁၈၅/၂ မှ ၂၀၅/၅ ထိ | ၀၉-၄၄၄၁၁၁၅၀ |
| ၁၀ | ပန်းတင်အမြန်လမ်းမကြီးမီးသတ်စခန်း | ဥတ္တရသီရိ | ၂၀၅/၅ မှ ၂၂၇/၀ ထိ | ၀၉-၄၄၄၁၁၁၆၀ |
| ၁၁ | ဘုရားတောင်အမြန်လမ်းမကြီးမီးသတ်စခန်း | တပ်ကုန်း | ၂၂၇/၀ မှ ၂၄၂/၀ ထိ | ၀၉-၄၄၄၁၁၁၆၁ |
| ၁၂ | ပေပင်လေးအမြန်လမ်းမကြီးမီးသတ်စခန်း | ပျော်ဘွယ် | ၂၄၂/၀ မှ ၂၇၆/၂ ထိ | ၀၉-၄၄၄၁၁၁၆၂ |
| ၁၃ | သီးကုန်းအမြန်လမ်းမကြီးမီးသတ်စခန်း | မိတ္ထီလာ | ၂၇၆/၂ မှ ၃၁၇/၂ ထိ | ၀၉-၄၄၄၁၁၁၆၃ |
| ၁၄ | ပြင်စည်အမြန်လမ်းမကြီးမီးသတ်စခန်း | နွားထိုးကြီး | ၃၁၇/၂ မှ ၃၃၁/၆ ထိ | ၀၉-၄၄၄၁၁၁၆၄ |
| ၁၅ | စကားအင်းအမြန်လမ်းမကြီးမီးသတ်စခန်း | တံတားဦး | ၃၃၁/၆ မှ ၃၅၈/၁ ထိ | ၀၉-၄၄၄၁၁၁၆၅ |

## မန္တလေးတိုင်းဒေသကြီးတွင် အင်အားပြင်းငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အဆောက်အဦအားဖိချစဉ် လူများပိမိသဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်



၃၁-၅-၂၀၂၅ ရက်နေ့၊ ၁၇ ၅၈ အချိန်ခန့်တွင် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ လမ်း (၆၀)၊ (၂၅×၂၆)လမ်းကြားတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ထားသော အဆောက်အဦအား လူအားဖြင့်ဖိချစဉ် အဆောက်အဦပိကျခဲ့ပြီး အလုပ်သမားများပိမိနေကြောင်း သတင်းရရှိသဖြင့် အောင်မြေသာစံမြို့နယ် မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များဖြင့် သွားရောက်ကူညီဆောင်ရွက်ခဲ့ရာ ကျား(၁)ဦး သေဆုံး၊ ကျား(၁)ဦး ထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ)တို့အား ၁၈ ၂၀အချိန်တွင် ထုတ်ယူနိုင်ခဲ့ပြီး အဖြူရောင်နှင်းဆီလူမှုကူညီရေးအသင်းမှ သူနာတင်ယာဉ်ဖြင့် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ၂၀၂၅ ခုနှစ်၊ မေလအတွင်း မီးလောင်ဆုံးရှုံးမှုနှင့် ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ချက်များ

၂၀၂၄ ခုနှစ်၊ မေလအတွင်း နိုင်ငံတော်တစ်ဝန်းလုံးတွင် မီးလောင်မှု ၅၉ ကြိမ် ဖြစ်ပွားခဲ့ပြီး မီးအမျိုးအစားအလိုက် မီးဖိုမီး ၃ ကြိမ်၊ ပေါ့ဆမီး ၂၈ ကြိမ်၊ အလိုအလျောက်မီး ၆ ကြိမ်၊ လျှပ်စစ်မီး ၁၇ ကြိမ်၊ မသမာသူရှို့မီး ၃ ကြိမ်၊ တောမီး ၁ ကြိမ်၊ သောင်းကျန်းသူရှို့မီး ၁ ကြိမ်ဖြစ်ပွားခဲ့ပါသည်။ အိမ်ခြေ အဆောက်အဦ ၂၃၃ လုံးတွင် စက်ရုံ/အလုပ်ရုံ ၁ လုံး၊ ဂိုဒေါင် ၃ လုံး မီးလောင်ခံရပြီး မီးဘေးသင့်ပြည်သူ ၁၃၂၃ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ပါသည်။ သေဆုံး ၂၀ ဦး၊ ဒဏ်ရာရ ၂၈ ဦးရှိခဲ့ပြီး ငွေကျပ် ၂၅၈ ဒသမ ၄၈၉ သန်းခန့် ဆုံးရှုံးခဲ့ပါသည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ မေလအထိ ၅ လတာကာလအတွင်း မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် မီးအမျိုးအစားအလိုက် မီးဖိုမီး ၈၁ ကြိမ်၊ ပေါ့ဆမီး ၁၈၅ ကြိမ်၊ အလိုအလျောက်မီး ၁၈ ကြိမ်၊ လျှပ်စစ်မီး ၁၆၃ ကြိမ်၊ မသမာသူရှို့မီး ၂၉ ကြိမ်၊ တောမီး ၁၂၉ ကြိမ်၊ သောင်းကျန်းသူရှို့မီး ၄ ကြိမ်၊ မိုးကြိုးပစ် ၁ ကြိမ်၊ စုစုပေါင်း ၆၁၀ ကြိမ်ဖြစ်ပွားခဲ့ပါသည်။ အိမ်ခြေအဆောက်အဦ ၂၄၃၁ လုံးတွင် စက်ရုံ/အလုပ်ရုံ ၇ လုံး၊ ဂိုဒေါင် ၂၃ လုံး မီးလောင်ခံရပြီး မီးဘေးသင့်ပြည်သူ ၇၄၅၃ ဦးအိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ပါသည်။ မီးလောင်မှုကြောင့် လူ ၄၉ ဦးသေဆုံး၊ ၆၇ ဦး ဒဏ်ရာရရှိခဲ့ပြီး တိရစ္ဆာန် ၆၅၅၇ ကောင် သေဆုံးခဲ့ပါသည်။ ငွေကျပ် ၅၇၁၇ ဒသမ ၃၈၅ သန်းခန့် ဆုံးရှုံးခဲ့ပါသည်။

၃။ မီးလောင်မှုများတွင် "မီးဖိုမီး၊ လျှပ်စစ်မီး၊ ပေါ့ဆမီး"များသည် အများဆုံးတွေ့ရှိရသော အချက်များဖြစ်သည့်အတွက် မီးဖိုမီးကြောင့်ဖြစ်ပွားတတ်သော မီးလောင်မှုများမဖြစ်ပေါ်စေရေးအတွက် မီးဖိုအနီးလူစောင့်ထားရှိခြင်း၊ လောင်စာဆီများ မထားကြရန်နှင့် အိမ်မစွမ်းသူများ၊ ကလေးငယ်များအား မီးမွှေးခြင်း၊ ထမင်းချက်ခြင်း၊ ရေနွေးကျိုခြင်းများ မပြုလုပ်ခိုင်းခြင်း၊ မီးဖိုနံဘေးနှင့် အမိုး/နံရံအကြား လုံလောက်သော အပူခံအကာအရံများထားရှိစေခြင်းဖြင့် မီးလောင်မှုမှ ကင်းဝေးစေမည်ဖြစ်ပါသည်။ မီးလောင်မှုမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေးအတွက် မိမိတို့အိမ်တိုင်းတွင် ကနဦးလုပ်ဆောင်ရန်အနေဖြင့် နှစ်ကာလရှည်ကြာ၍ ဟောင်းနွမ်းဆွေ့မြည့်နေသည့် လျှပ်စစ်ဝါယာကြိုးများလဲလှယ်ထားခြင်း၊ လျှပ်စစ်ဒဏ်ခံကြိုး(Fuse)များကို ဝန်နှင့်အား မျှတအောင် သုံးစွဲခြင်း၊ လျှပ်စစ်မီးဖို၊ မီးပူများသုံးစွဲပြီးလျှင် (သို့မဟုတ်) လျှပ်စစ်မီး ပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားခြင်း၊ လျှပ်စစ်ဝါယာရှော့ဖြစ်လျှင် ပင်မ(မိန်း)ခလုတ်ပိတ်ပြီး ခြောက်သွေ့သော အဝတ်၊ ပိတ်စတို့ဖြင့် ရိုက်ပုတ်ငြှိမ်းသတ်ခြင်း၊ ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများ အသုံးမပြုကြရန်နှင့် မီးသတ်ဦးစီးဌာနမှ ထုတ်ပြန်ထားသည့်အချက်များအပေါ် လိုက်နာခြင်းအားဖြင့် မီးဘေးကာကွယ်ရေးအသိဖြင့် ကြိုတင်ဆောင်ရွက်စီမံထားရှိကြမည်ဆိုပါက ပေါ့ဆမီးကြောင့် ဖြစ်ပွားတတ်သော မီးလောင်မှုများလျော့နည်းစေမည်ဖြစ်ပါကြောင်း သတိပေးအပ်ပါသည်။

၄။ ၂၀၂၅ ခုနှစ်၊ မေလအတွင်း တိုင်းဒေသကြီး/ပြည်နယ်များ၌ သဘာဝဘေး အန္တရာယ်ကြောင့် တံတိုင်းပြိုကျမှု ၁ ကြိမ်၊ အဆောက်အအုံပြိုကျမှု ၁ ကြိမ်၊ ကမ်းပါးပြိုကျမှု ၁ ကြိမ်၊ မြေပြိုကျမှု ၂ ကြိမ်၊ လေပြင်းတိုက်ခတ်မှု ၁၆ ကြိမ်၊ ရေကြီးမှု ၂ ကြိမ်၊ ယာဉ်တိုက်မှု ၁၁ ကြိမ်၊ ယာဉ်တိမ်းမှောက်မှု ၄ ကြိမ်၊ ရေနစ်မြုပ်မှု ၆ ကြိမ်၊ သစ်ပင်ပြိုလဲမှု ၅၈ ကြိမ်၊ မတော်တဆထိခိုက်မှု ၄ ကြိမ်၊ ငလျင်လှုပ်ခတ်မှု ၁ ကြိမ်၊ တိရစ္ဆာန်ဖမ်းဆီးကယ်ဆယ်မှု ၇ ကြိမ်၊ ကူညီရှင်းလင်းရွှေ့ပြောင်းမှု စုစုပေါင်း ၁၂ ကြိမ် ဖြစ်ပွားခဲ့ပြီး ဒုက္ခသည် ၈၁၀ ဦး ရှိခဲ့ပါသည်။ ထိုကဲ့သို့သော သဘာဝဘေးအန္တရာယ်နှင့် မတော်တဆထိခိုက်မှုဖြစ်စဉ်များတွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ရှိ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်အင်အား ၁၈၄၈ ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အား ၅၂၁ ဦး တို့မှ ကူညီဆောင်ရွက်ပေးခဲ့ပြီး ထိခိုက်မှုကြောင့် သေဆုံးမှု ၃၂ ဦးနှင့် ဒဏ်ရာရရှိသူ ၃၄ ဦး တို့အား ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ကူညီဆောင်ရွက်ပေးခဲ့ပါသည်။

**မီးသတ်ဦးစီးဌာန**

## ဆွမ်းဆန်တော်နှင့် မျက်နှာသုတ်ပဝါများလောင်းလှူ



၁၁-၅-၂၀၂၅ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး စည်းရုံးရေးကော်မတီနှင့် မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မုံရွာမြို့၊ ကန်သာယာ ရာပြည့်ကပ်ကျော်ဘုရား၌ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော သံဃာတော်(၃၇)ပါးအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် စုစုပေါင်းငွေ ၆၁၆,၅၀၀ိ/-(ကျပ်ခြောက်သိန်းတစ်သောင်းခြောက်ထောင့်ငါးရာတိတိ) တန်ဖိုးရှိ ဆွမ်းဆန်တော်နှင့် မျက်နှာသုတ်ပဝါများ လောင်းလှူခဲ့ကြောင်း သတင်းရရှိပါသည်။

## ဆန်အိတ်ငယ်များလောင်းလှူ

၁၁-၅-၂၀၂၅ ရက်နေ့တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကဆုန်ညောင်ရေသွန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို မကွေးမြို့၊ မြသလွန်ဘုရားရင်ပြင်တော်၌ ကျင်းပပြုလုပ်ခဲ့ရာ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးရုံးမှ ညွှန်ကြားရေးမှူး ဦးမိုးသန့်ဇင်၏ လမ်းညွှန်မှုဖြင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင် ဦးဆောင်သည့် အဖွဲ့ဝင်များသည် မြတ်စွာဘုရားရှင်(၁)ပါးအပါအဝင် မကွေးမြို့ပေါ်ရှိ ဘုန်းကြီးကျောင်းမှ သံဃာတော်(၉၈)ပါးနှင့် သီလရှင်ကျောင်းမှ သီလရှင်(၂၄)ပါး စုစုပေါင်း(၁၂၃)ပါးတို့အား ဆန်အိတ်ငယ်များ တန်ဖိုးငွေ ၃၀၀,၀၀ဝိ/-(ကျပ်သုံးသိန်းတိတိ)လောင်းလှူခဲ့ကြောင်း သတင်းရရှိပါသည်။



## နှုတ်ဆက်ဂုဏ်ပြုလက်ဆောင်များပေးအပ်



၂၉-၅-၂၀၂၅ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ကချင်ပြည်နယ်ရုံး အစည်းအဝေးခန်းမ၌ စုံညီအစည်းအဝေး၊ ဆွေးနွေးပွဲ၊ သက်ပြည့်အငြိမ်းစားယူမည့် ဝန်ထမ်းနှင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းအား နှုတ်ဆက်ဂုဏ်ပြုပွဲ ပြုလုပ်ခဲ့ရာ ညွှန်ကြားရေးမှူး ဦးမောင်မောင်လွင်မှ နှုတ်ဆက်အမှာစကားပြောကြားခဲ့ပြီး သက်ပြည့်အငြိမ်းစားယူသည့် ဦးစီးအရာရှိ(စုံစမ်းရေး) ဦးကြည်အောင်အား နှုတ်ဆက်ဂုဏ်ပြုလက်ဆောင်ပစ္စည်း၊ ငွေသား ၄၅၀,၀၀၀/-(ကျပ်လေးသိန်းငါးသောင်းတိတိ)နှင့် ဧရာဝတီတိုင်းဒေသကြီးရုံးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်မည့် ဦးစီးအရာရှိ(စုံစမ်းရေး) ဦးစိုးမြင့်ထွန်းအား နှုတ်ဆက်ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီးနောက် ပြောင်းရွှေ့တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းမှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

## စာရေးကိရိယာနှင့် ကျောင်းအသုံးအဆောင်ပစ္စည်းများပေးအပ်

**စစ်ကိုင်းဒေသကြီး**

၃၁-၅-၂၀၂၅ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး စည်းရုံးရေးကော်မတီ၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဝန်ထမ်းအိမ်ရာသို့ သွားရောက်၍ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ပညာသင်ကြားနေကြသော ဝန်ထမ်းများ၏ သားသမီးများဖြစ်ကြသည့် တက္ကသိုလ်၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသား/ကျောင်းသူ စုစုပေါင်း(၃၉)ဦးတို့ကို ကျောင်းသုံးဗလာစာအုပ်များ၊ ဘောပင်၊ ခဲတံနှင့်ခဲဖျက်တို့အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။



**မွန်ပြည်နယ်**

၃၀-၅-၂၀၂၅ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မွန်ပြည်နယ်ရုံး၊ အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူး ဦးအောင်သန်းတိုးနှင့်ဇနီး ဒေါ်သင်းဖြူဖြူဟန်တို့မှ ဦးဆောင်၍ဝန်ထမ်းမိသားစုဝင်များ၏ သား/သမီးများအား ၂၀၂၅-၂၀၂၆ ခုနှစ် ပညာသင်နှစ်အတွက် ပညာသင်စရိတ်ချီးမြှင့်ပေးအပ်သည့် အခမ်းအနားကျင်းပခဲ့ရာ တက္ကသိုလ်အဆင့်တွင် တစ်ဦးလျှင် ၄၅,၀၀၀/-တန်ဖိုးရှိ ဗလာစာအုပ်(၂)ဒါဇင်၊ ခဲတံ(၁)ဒါဇင်၊ ထီး(၁)လက်နှင့် ရေဗူး(၁)ဘူးတို့ကို (၁၂)ဦးအားလည်းကောင်း၊ အထက်တန်းအဆင့်တွင် တစ်ဦးလျှင် ၄၅,၀၀၀/-တန်ဖိုးရှိ ဗလာစာအုပ်(၂)ဒါဇင်၊ ခဲတံ(၁)ဒါဇင်၊ ထီး(၁)လက်နှင့် ရေဗူး(၁)ဘူးတို့ကို (၁၃)ဦးအားလည်းကောင်း၊ အလယ်တန်းအဆင့်တွင် တစ်ဦးလျှင် ၄၀,၀၀၀/-တန်ဖိုးရှိ ဗလာစာအုပ် (၂)ဒါဇင်၊ ခဲတံ(၁)ဒါဇင်၊ ထီး(၁)လက်နှင့် ရေဗူး(၁)ဘူးတို့ကို (၈)ဦးအားလည်းကောင်း၊ မူလတန်းအဆင့်တွင် တစ်ဦးလျှင် ၃၅,၀၀၀/-တန်ဖိုးရှိ ဗလာစာအုပ်(၁)ဒါဇင်၊ ခဲတံ(၁)ဒါဇင်၊ ထီး(၁)လက်နှင့် ရေဗူး(၁)ဘူးတို့ကို (၁၇)ဦးအားလည်းကောင်း စုစုပေါင်း (၅၀)ဦးအတွက် တန်ဖိုးငွေ ၂,၀၄၀,၀၀၀/-(ကျပ်နှစ်ဆယ်သိန်းလေးသောင်းတိတိ) တန်ဖိုးရှိ စာရေးကိရိယာနှင့် ကျောင်းအသုံးအဆောင်ပစ္စည်းများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။




**မကွေးတိုင်းဒေသကြီး**



၇-၆-၂၀၂၅ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးရုံးမှ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးမိုးသန့်ဇင်၏ ဦးဆောင်မှုဖြင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ပညာသင်ကြားလျက်ရှိသည့် မကွေးတိုင်းဒေသကြီးရုံးမှ ဝန်ထမ်းများ၏ သား/သမီးများဖြစ်ကြသည့် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသား/သူ (၃၄)ဦးတို့အား ကျောင်းဝတ်စုံနှင့် ကျောင်းသုံးဗလာစာအုပ်များ တန်ဖိုးငွေ ၁,၀၅၅,၄၀၀/-(ကျပ်တစ်ဆယ်သိန်း ငါးသောင်းငါးထောင့်လေးရာတိတိ) ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**




၂၆-၅-၂၀၂၅ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးအနေဖြင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ပညာသင်ကြားမည့် ဝန်ထမ်းများ၏ သား/သမီးများ တက္ကသိုလ်၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသား/သူ စုစုပေါင်း(၅၂)ဦးအတွက် ဗလာစာအုပ် (၅၂)ဒါဇင်နှင့် ပညာသင်ထောက်ပံ့စရိတ် စုစုပေါင်းငွေ ၃,၆၁၀,၀၀၀/-(ကျပ်သုံးဆယ့်ခြောက်သိန်း တစ်သောင်းတိတိ)ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## အခြေခံစားသောက်ကုန်များထောက်ပံ့ပေးအပ်

**ကရင်ပြည်နယ်**

၃၀-၅-၂၀၂၅ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ကရင်ပြည်နယ်ရုံး စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးအောင်မင်းဦး၏ ဦးဆောင်မှုဖြင့် ကရင်ပြည်နယ်ရုံး၊ အစည်းအဝေးခန်းမ၌ အိမ်ထောင်သည် ဝန်ထမ်းတစ်ဦးလျှင် ပေါ်ဆန်းမွှေးဆန်(၆)ပြည်၊ ၃၃,၅၀၀/- နှုန်းဖြင့် (၂၇)ဦးကိုလည်းကောင်း၊ လူပျို/အပျို တစ်ဦးလျှင် ပေါ်ဆန်းမွှေးဆန်(၃)ပြည် ကျသင့်ငွေ ၁၆,၇၅၀/- နှုန်းဖြင့် (၂၇)ဦးကို လည်းကောင်း၊ စုစုပေါင်း ဝန်ထမ်း(၅၄)ဦးတို့အတွက် တန်ဖိုးငွေ ၁,၃၅၇,၀၀၀/- (ကျပ်တစ်ဆယ့်သုံးသိန်းငါးသောင်းခုနစ်ထောင်တိတိ)ရှိ အခြေခံစားသောက်ကုန်ဆန်များကို ဝန်ထမ်းနှင့် မိသားစုဝင်များအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။






**ရန်ကုန်တိုင်းဒေသကြီး**

၃၀-၅-၂၀၂၅ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းနှင့် မိသားစုဝင်များအား သက်သာချောင်ချိစေရန်ရည်ရွယ်၍ ၂၀၂၅ ခုနှစ်၊ မေလအတွက် ဝန်ထမ်းတစ်ဦးလျှင် ငွေ ၂၅,၀၀၀/-နှုန်းဖြင့် ဝန်ထမ်း(၁၁၃)ဦးအတွက် စုစုပေါင်း ၂,၈၂၅,၀၀၀/- (ကျပ်နှစ်ဆယ့်ရှစ်သိန်းနှစ်သောင်းငါးထောင်တိတိ)တန်ဖိုးရှိ ဆန်(၃)ပြည်နှင့် ဆီ(၅၀)ကျပ်သားစီအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။



**ပဲခူးတိုင်းဒေသကြီး**

၁၄-၅-၂၀၂၅ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံး၊ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးညိုဝင်း၏ စီစဉ်ကြီးကြပ်မှုဖြင့် ဝန်ထမ်းနှင့်မိသားစုဝင်များ သက်သာချောင်ချိစေရန် ရည်ရွယ်၍ ဝန်ထမ်းတစ်ဦးလျှင် ကျသင့်ငွေ ၂၉,၆၀၀/-တန်ဖိုးရှိ ဆန်(၄)ပြည်၊ ဆီ(၅၀)ကျပ်သားနှင့် ကြက်ဥ(၁၀)လုံး တို့ဖြင့် ဝန်ထမ်း(၉၂)ဦးအတွက် စုစုပေါင်းတန်ဖိုးငွေ ၂,၇၂၃,၂၀၀/-(ကျပ်နှစ်ဆယ့် ခုနစ်သိန်းနှစ်သောင်းသုံးထောင်နှစ်ရာတိတိ)အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ပဲဆွမ်းလောင်းလှူခြင်းနှင့် စတုဒီသာကျွေးမွေးလှူဒါန်း

၁၁-၅-၂၀၂၅ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ကရင်ပြည်နယ်ရုံး စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးအောင်မင်းဦး၏ ဦးဆောင်မှုဖြင့် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော ဘားအံမြို့၊ ရွှေယဉ်မျှော်ပြည်တော်စေတီတော်၊ ကဆုန်လပြည့်နေ့ ညောင်ရေသွန်းပွဲတွင် ညောင်ရေသွန်းခြင်းနှင့် သံဃာတော်၊ သီလရှင်(၂၆၈၀)ပါးတို့အား ပဲဆွမ်းလောင်းလှူခြင်း၊ ကုသိုလ်ပြုအဖြစ် ဘားအံမြို့၊ မြို့မဘောလုံးကွင်း၌ ကျင်းပသော စတုဒီသာလှူဒါန်းပွဲ၌ စတုဒီသာ ပူတင်းပေါင်မုန့်များ ကျွေးမွေးလှူဒါန်းခြင်းတို့အား စုစုပေါင်းတန်ဖိုးငွေ ကျပ် ၉၅၀,၀၀၀/- (ကျပ်ကိုးသိန်းငါးသောင်းတိတိ)ကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။



## မီးဖွားစရိတ်ထောက်ပံ့ငွေပေးအပ်

**မကွေးတိုင်းဒေသကြီး**

၃-၆-၂၀၂၅ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးရုံးမှ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးမိုးသန့်ဇင်၏ လမ်းညွှန်မှုဖြင့် ဦးစီးအရာရှိ(စီမံ) ဒေါ်ဥမ္မာခိုင် ဦးဆောင်သည့် ကော်မတီဝင်များသည် မကွေးမြို့၊ ပြည်သူ့ဆေးရုံကြီးတွင် ကလေးမီးဖွားလျက်ရှိသော (စ/၂၆၂၂) ဒုတိယစုံစမ်းရေးမှူး ဦးပြည့်ဖြိုးကျော်၏ဇနီး ဒေါ်ဝါဝါဇော်မင်းအား သွားရောက်ကြည့်ရှု အားပေးစကားပြောကြားကာ မီးဖွားစရိတ်ထောက်ပံ့ငွေ ၃၀,၀၀၀/-(ကျပ်သုံးသောင်း တိတိ) ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။





**မန္တလေးတိုင်းဒေသကြီး**

၃၀-၅-၂၀၂၅ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးရုံး၊ မိသားစုစည်းရုံးရေးနှင့်စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးသော်ဝင်းထွန်း၏ဇနီး ဒေါ်နန့်အေးမြထွန်း ဦးဆောင်သော မိသားစု စည်းရုံးရေးနှင့်စည်းကမ်းထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင်များသည် ၁၉-၅-၂၀၂၅ ရက်နေ့တွင် မန္တလေးမြို့၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အမှတ်(၁) စစ်မြေပြင် ဆေးတပ်ရင်းတွင် ကလေးမီးဖွားခဲ့သော ဒုတိယစုံစမ်းရေးမှူး ဦးကျော်ဇင်အေးငြိမ်း၏ဇနီး ဒေါ်အေးငြိမ်းသီတာအား ကျန်းမာရေးစရိတ်ထောက်ပံ့ငွေကျပ် ၅၀,၀၀၀/- (ကျပ်ငါးသောင်းတိတိ)ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ညောင်ရေသွန်းလောင်းခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူ

၁၁-၅-၂၀၂၅ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မွန်ပြည်နယ်ရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်သန်းတိုး၏ လမ်းညွှန်မှုဖြင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းတင် ဦးဆောင်သည့် ဝန်ထမ်းများသည် မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊ တောင်ရိုးတန်းလမ်းရှိ မဟာမြတ်မုနိဘုရား၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စုပေါင်း၍ ညောင်ရေသွန်းလောင်းခြင်းနှင့် သံဃာတော်တစ်ပါးလျှင် ဆန်နို့ဆီဗူး(၁)ဘူးနှုန်းဖြင့် သံဃာတော်(၃၁၅)ပါးအား ၂၁၂,၀၀၀/-(ကျပ်နှစ်သိန်းတစ်သောင်းနှစ်ထောင်တိတိ)တန်ဖိုးရှိ ဆွမ်းဆန်များ လောင်းလှူခဲ့ကြောင်း သတင်းရရှိပါသည်။






## ပြည်ထဲရေးဝန်ကြီးဌာန၊ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းမှထွက်ရှိသော သားငါး၊ နို့ထွက်ပစ္စည်းနှင့် ဟင်းသီးဟင်းရွက်များအား သက်သာသောဈေးနှုန်းများဖြင့်ရောင်းချ

ပြည်ထဲရေးဝန်ကြီးဌာန၊ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းမှ ထွက်ရှိသော ငါး၊ ကြက်ဥ၊ ကြက်သား၊ ဝက်သား၊ နို့ထွက်ပစ္စည်းများနှင့် ရာသီသီးနှံဟင်းသီးဟင်းရွက်များအား ရောင်းချပေးလျက်ရှိရာ ၂၃-၅-၂၀၂၅ ရက်နေ့၊ ၃၀-၅-၂၀၂၅ ရက်နေ့၊ ၆-၆-၂၀၂၅ ရက်နေ့များတွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနများရှိ ဝန်ထမ်းများထံသို့ ပြင်ပပေါက်ဈေးထက် သက်သာသောနှုန်းထားများဖြင့် လိုက်လံရောင်းချပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## ပြည်နယ်တီဘီတိုက်ဖျက်ရေးအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်ကုသမှုပြုလုပ်ပေး

အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/စခန်းအသီးသီးမှ ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်း၍ လစဉ်ကျန်းမာရေးစစ်ဆေးကုသပေးလျက်ရှိရာ ကချင်ပြည်နယ်ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ မြစ်ကြီးနားအကျဉ်းထောင်သို့ ကချင်ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ပြည်နယ်တီဘီရောဂါတိုက်ဖျက်ရေးဌာန၊ ဒုတိယပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သွယ်သွယ်စိမ်း ဦးဆောင်သော အဖွဲ့ဝင် ၈ ဦးတို့သည် ၁၉-၅-၂၀၂၅ ရက်နေ့မှ ၂၃-၅-၂၀၂၅ ရက်နေ့အထိ အကျဉ်းသား/သူ၊ အချုပ်သား/သူများအား တီဘီရောဂါအကြောင်းသိကောင်းစရာများ ပညာပေးခြင်း၊ တီဘီသံသယရှိသူများအား ရင်ခေါင်းဓာတ်မှန်ရိုက်၍ရောဂါရှာဖွေခြင်း၊ သလိပ်စစ်ဆေးခြင်းနှင့် ရှာဖွေတွေ့ရှိသူ တီဘီလူနာများအား ကုသပေးခြင်းစသည့် ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## "အ"သုံးလုံးသင်တန်း ဖွင့်လှစ်သင်ကြား

အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းများတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော စာမတတ်မြောက်သူ အကျဉ်းသား/သူများသည် ပြင်ပနယ်ပယ်သို့ ရောက်ရှိပါက စာပေမတတ်မြောက်မှုကြောင့် စိတ်အားငယ်မှုမရှိစေရန်အတွက် လူမှုပတ်ဝန်းကျင်တွင် လူတန်းစေ့နေနိုင်စေရန်ရည်ရွယ်၍ သင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ပဲခူးတိုင်းဒေသကြီးကွပ်ကဲမှုအောက်ရှိ ဒိုက်ဦးဗဟိုအကျဉ်းထောင်တွင် **"အ"**သုံးလုံးသင်တန်းအမှတ်စဉ်(၁/၂၀၂၅)အား စာတတ်မြောက်ခြင်းမရှိသော အကျဉ်းသူ ၃၂ ဦးအား **"အ"**သုံးလုံးသင်တန်း သင်ကြားဖူးသည့် အတွေ့အကြုံရှိသူ အကျဉ်းသူတစ်ဦးဖြင့် ၁၂-၅-၂၀၂၅ ရက်နေ့မှ ၂၅-၇-၂၀၂၅ ရက်နေ့အထိ ရက်သတ္တ(၁၂)ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိပါသည်။



## အင်းစိန်ဗဟိုအကျဉ်းထောင်တွင် (၆၆၈)ကြိမ်မြောက်တရားပွဲကျင်းပပြုလုပ်



ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်တွင် အကျဉ်းသား/သူများ စိတ်ပိုင်းဆိုင်ရာနူးညံ့သိမ်မွေ့လာစေရေးအတွက် ဘာသာရေးနည်းလမ်းဖြင့် ဆောင်ရွက်လျက်ရှိရာ ၁-၆-၂၀၂၅ ရက်နေ့၊ ၀၈၃၀ အချိန်ခန့်၌ (၆၆၈)ကြိမ်မြောက် အပတ်စဉ်တရားပွဲအား နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ဘဒ္ဒန္တကောသလ္လ (အဂ္ဂမဟာပဏ္ဍိတ)မော်လမြိုင်ဆရာတော်မှ ကြွရောက်၍ လောကီ လောကုတ္တရာနှစ်ဖြာ အကျိုးရရှိစေခြင်းနှင့် လောဘ၊ ဒေါသ၊ မောဟကင်းစင်စေခြင်းအလို့ငှာ **"ကောင်းသောစိတ် အစဉ်အမြဲရှိစေချင်"** တရားတော်အား ဟောကြားချီးမြှင့်ပေးခဲ့ပါသည်။ အခမ်းအနားသို့ အကျဉ်းထောင် အရာထမ်း/အမှုထမ်းများနှင့် အကျဉ်းသား၊ အချုပ်သားစုစုပေါင်းအင်အား ၃၂၀ ဦးတို့ တက်ရောက်ခဲ့ပြီး ငါးပါးသီလ ခံယူခြင်း၊ သင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ်အစရှိသည့် လှူဖွယ်ပစ္စည်းများ၊ နဝကမ္မ အလှူတော်ငွေများ လှူဒါန်းခြင်းနှင့် ဆရာတော်ကြီးအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။


## မီးဖွားစရိတ်များထောက်ပံ့ပေး




အကျဉ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ ရုံးအမှတ်(၄၉)၊ နေပြည်တော်ရှိ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင်များသည် ၂၁-၃-၂၀၂၅ ရက်နေ့တွင် သမီးလေးမွေးဖွားခဲ့သည့် လုံခြုံရေးဌာနစု၊ ကွန်ပျူတာဌာနစိတ်မှ အကျဉ်းထောင်ဒုတပ်ကြပ် ဒေါ်နွယ်နီစိုးအားလည်းကောင်း၊ ၁၁-၄-၂၀၂၅ ရက်နေ့တွင် သားလေးမွေးဖွားခဲ့သည့် လုံခြုံရေးဌာနစုမှ အငယ်တန်းစာရေး ဒေါ်မေသန္တာဦး အားလည်းကောင်း၊ ၁၅-၅-၂၀၂၅ ရက်နေ့တွင် သမီးလေးမွေးဖွားခဲ့သည့် ထောက်ပံ့ရေးဌာနစုမှ အကျဉ်းထောင်တပ်သား ဖြိုးမင်း၏ဇနီးအားလည်းကောင်း မီးဖွားစရိတ်ထောက်ပံ့ကြေးငွေနှင့် ကလေးအသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ပြင်ပကျန်းမာရေးအဖွဲ့များမှ ကျန်းမာရေးစောင့်ရှောက်ကုသပေး

အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/စခန်းအသီးသီးမှ ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်း၍ လစဉ်ကျန်းမာရေးစစ်ဆေးကုသပေးလျက်ရှိရာ ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တောင်ငူအကျဉ်းထောင်သို့ ၄-၆-၂၀၂၅ ရက်နေ့တွင် တောင်ငူမြို့ ပြည်သူ့ဆေးရုံကြီးမှ သွားနှင့်ခံတွင်းဆိုင်ရာ အထူးကုဆရာဝန်ကြီး ဒေါက်တာ ခင်မောင်စန်းပါ ၅ ဦးအဖွဲ့သည် အကျဉ်းထောင်သို့ လာရောက်၍ အကျဉ်းသား/သူ၊ အချုပ်သား/သူ များအား သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## ပြည်ကြီးတံခွန်မြို့နယ်တွင် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၁ ဒသမ ၈ တန် ဖမ်းဆီးရမိ




မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ၁၉-၅-၂၀၂၅ ရက်နေ့၊ ၁၉၀၀ အချိန်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ ၁၃၂ လမ်းနှင့် ၁၃၃ လမ်းကြား၊ ၆၃ ဘီလမ်းပေါ်တွင် ယဉ်မင်းဦး မောင်းနှင်သည့် ISUZU အမျိုးအစား ကုန်တင်ယာဉ်အား စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်းအလေးချိန် ၁ ဒသမ ၈ တန် (တစ်တန်လျှင် ငွေကျပ်သိန်း ၄၀၀၀ နှုန်းဖြင့် ၄င်းဒေသတန်ဖိုးငွေကျပ်သိန်း ၇၂၀၀) ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်းများကို နယ်စပ်ဒေသမှ တရားမဝင် တင်သွင်းလာခြင်းဖြစ်ကြောင်း သိရှိရသဖြင့် မုံရွာမြို့မှ ကဖင်းအိတ်များသယ်ဆောင်ခိုင်းသူ မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်ရှိ ကိုဇေ(ခ)ကိုဇေဇေအောင်နှင့် မစန္ဒာဝင်းတို့၏ နေအိမ်အား ၂၀-၅-၂၀၂၅ ရက်နေ့၊ ၁၁၀၀ အချိန်တွင် ဝင်ရောက်ရှာဖွေခဲ့ရာ မစန္ဒာဝင်းအား ဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက်အရ ၁၂၃၀ အချိန်တွင် ကဖင်းအိတ်များအား ကလေးမြို့မှ မန္တလေးမြို့သို့ သယ်ဆောင်ရန်စေခိုင်းသူ အောင်ဆန်းဦး(ခ)စိုးကို(ခ) အောင်စိုးသူအား ကလေးမြို့၊ ချမ်းမြေ့အောင်စည်ရပ်ကွက်ရှိ နေအိမ်တွင် ဖမ်းဆီးရမိခဲ့သဖြင့် ၄င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## ရဲအရာရှိဥပဒေ(မွမ်းမံ)သင်တန်းအမှတ်စဉ် (၉/၂၀၂၅)သင်တန်းဖွင့် အခမ်းအနားကျင်းပ





ရဲအရာရှိဥပဒေ(မွမ်းမံ)သင်တန်းအမှတ်စဉ် (၉/၂၀၂၅)သင်တန်းဖွင့် အခမ်းအနားကို ရဲအရာရှိလေ့ကျင့်ရေးကျောင်း၊ အုပ်ချုပ်ရေးရုံး၊ အစည်းအဝေးခန်းမ(၂)တွင် ၉-၆-၂၀၂၅ ရက်နေ့၊ ၀၈၀၀ အချိန်တွင် ကျင်းပပြုလုပ်ခဲ့ရာ ရဲအရာရှိလေ့ကျင့်ရေးကျောင်း၊ ကျောင်းအုပ်ကြီး ရဲမှူးချုပ် ဟန်ထွန်းက သင်တန်းဖွင့်မိန့်ခွန်း ပြောကြားခဲ့ပြီး အဆိုပါအခမ်းအနားသို့ ရဲအရာရှိလေ့ကျင့်ရေးကျောင်းမှ ဒုတိယကျောင်းအုပ်ကြီး၊ နည်းပြမှူးချုပ်၊ ဌာနမှူး(စာပေ)၊ ဌာန/ဌာနခွဲမှူးများနှင့် ရဲအရာရှိဥပဒေ(မွမ်းမံ)သင်တန်းအမှတ်စဉ်(၉/၂၀၂၅)မှ သင်တန်းသား အရာရှိ(၄၀)ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ၉-၆-၂၀၂၅ ရက်နေ့မှ ၈-၈-၂၀၂၅ ရက်နေ့ထိဖြစ်ကြောင်း သတင်းရရှိသည်။

## အမရပူရမြို့နယ်၌ မီနီအိုးဝေအား ငှားရမ်းစီးနင်း၍ ဓားဖြင့်ထိုးကာ လုယက်ရန်ကြိုးစားသူနှစ်ဦးအား ဖော်ထုတ်ဖမ်းဆီး




၂၁-၅-၂၀၂၅ ရက်နေ့၊ ၁၆၀၀ အချိန်ခန့်တွင် အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်နေ ဦးကျော်လင်း (၆၀)နှစ် မောင်းနှင်သော **MDY-21U 8854** မီနီအိုးဝေယာဉ်အား ငှားရမ်းစီးနင်းလိုက်ပါလာသူ အမျိုးသား ၂ ဦးက ရန်ကုန်- မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၃၆၄ မိုင် ၇ ဖာလုံ **UD Amara Garden City** အနီးအရောက်တွင် ယာဉ်မောင်း ဦးကျော်လင်းအား ဓားဖြင့်ထိုးကာ မီနီအိုးဝေယာဉ်အား လုယက်ယူဆောင်မှုဖြစ်ပွားခဲ့ပါသည်။ ယာဉ်မောင်း ဦးကျော်လင်းမှာ လည်ပင်းထိုးသွင်းဒဏ်ရာ ၂ ချက်၊ ဦးခေါင်းနောက်စေ့ ထိုးသွင်းဒဏ်ရာ ၁ ချက်တို့ရရှိခဲ့ပါသည်။ မှုခင်းဖြစ်ပွားကြောင်း သတင်းရလျှင်ရချင်း လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပြည်သူလူထုနှင့် ပူးပေါင်းသတင်းရယူဖော်ထုတ်ခဲ့ရာ လုယူခံရသည့် မီနီအိုးဝေယာဉ်နှင့်အတူ ကျူးလွန်သူများဖြစ်ကြသည့် ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်နေသူများဖြစ်ကြသည့် စိုးမင်းထွန်း(ခ)ထက်ရှိုင်း(၁၉)နှစ်(ဘ)ဦးဝေလွင်အောင်နှင့် ဇော်ဝင်းထွန်း(၁၆)နှစ်(ဘ)ဦးစောခင်ထွန်း တို့အား ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အရိုး/အသွား ၇ လက်မခန့်စီရှိ ဓားဦးချွန် ၂ ချောင်းနှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

ပြစ်မှုကျူးလွန်သူ စိုးမင်းထွန်း(ခ)ထက်ရှိုင်းနှင့် ဇော်ဝင်းထွန်း တို့ ၂ ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## လှိုင်လင်မြို့တွင် ငွေကျပ် ၁,၂၁၁ သိန်းတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ



၂၀-၅-၂၀၂၅ ရက်နေ့၊ ၀၉၃၀ အချိန်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လှိုင်လင်မြို့၊ ရပ်ကွက်(၂)၊ လှိုင်လင်-တောင်ကြီးသွား ကားလမ်းတွင် လှိုင်လင်ဘက်မှ တောင်ကြီးဘက်သို့ စိုင်းကျော်လွင်ဦး မောင်းနှင်ပြီး နန်းယုမွှံခမ်း လိုက်ပါလာသော **TOYOTA CROWN** အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်နောက်ခန်းအတွင်း သိုဝှက်သယ်ဆောင်လာသည့် စိတ်ပြောင်းဆေးဝါးများဖြစ်သည့် **Happy Water** ၁ ဒသမ ၁ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁,၁၀၀ နှုန်းဖြင့် ၄င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၁,၂၁၀)နှင့် ကတ်တမင်း သုည ဒသမ ၀၁ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့် ၄င်းဒေသတန်ဖိုးငွေကျပ် ၁ သိန်း) တို့ကို ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်အရ ၁၄၃၀ အချိန်တွင် စိတ်ပြောင်းဆေးဝါးများ လက်ခံမည့်သူ စွမ်းထက်အား တောင်ကြီးမြို့၊ အရှေ့မြို့ပတ်လမ်းတွင် ဖမ်းဆီးရမိသဖြင့် စိုင်းကျော်လွင်ဦး(၂၇)နှစ်နှင့် နန်းယုမွှံခမ်း(၁၉)နှစ် နှင့် စွမ်းထက်(၂၆)နှစ်တို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

## သာစည်မြို့နယ်တွင် ငွေကျပ်သိန်း ၁,၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

၂၆-၅-၂၀၂၅ ရက်နေ့၊ ၂၃၄၅ အချိန်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာအနီးတွင် မော်တော်ယာဉ်များအားစစ်ဆေးရှာဖွေစဉ် တောင်ကြီးမှ ရန်ကုန်သို့ မောင်းနှင်လာသည့် **NPW-3 4M/xxxx YUTONG** အမျိုးအစား ခရီးသည်တင် **EXPRESS** ယာဉ်ပေါ်ပါ ခရီးသည် မနန်းအေးဟွမ်၊ မနန်းရွှေပွင့်(ခ)မခမ်းမော်၊ မမိုးပွင့်ဖြူ(ခ) ယွန်းယွန်း၊ မနန်းအေးအီနှင့် စိုင်းအိုက်ရွှေအောင် တို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀,၀၀၀ ပြား(ဒေသကာလပေါက်ဈေးတန်ဖိုးငွေကျပ်သိန်း ၁,၅၀၀)နှင့် လက်ကိုင်ဖုန်း ၃ လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မနန်းအေးဟွမ်(၃၇)နှစ်၊ နန်းရွှေပွင့်(ခ) မခမ်းမော်(၄၅)နှစ်၊ မမိုးပွင့်ဖြူ(ခ) ယွန်းယွန်း(၃၃)နှစ်၊ မနန်းအေးအီ(၄၁)နှစ်နှင့် စိုင်းအိုက်ရွှေအောင်(၄၅)နှစ်တို့အား သာစည်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။



## လုံခြုံရေးတပ်ဖွဲ့ဝင်များအဖြစ်အယောင်ဆောင်ကာ ဓားပြတိုက်၊ လုယက်မှုများ ကျူးလွန်နေသောဂိုဏ်းအား ဖော်ထုတ်ဖမ်းဆီး





မန္တလေးတိုင်းဒေသကြီးနယ်မြေအတွင်း မန္တလေးမြို့ပေါ် အမရပူရမြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် မြစ်ငယ်မြို့များအတွင်း ပြောက်ကျားဝတ်စုံများဝတ်ဆင်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအယောင်ဆောင်ကာ ဂိုဏ်းဖွဲ့၍ ဓားပြတိုက်ခြင်း၊ လုယက်ခြင်းများ မကြာခဏ ကျူးလွန်ဖြစ်ပွားလာသဖြင့် ကျူးလွန်သူတရားခံများအား ဖမ်းဆီးရမိရေး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များမှ စုံစမ်းဖော်ထုတ်ဖမ်းဆီးခဲ့ရာ ၅-၅-၂၀၂၅ ရက်နေ့တွင် ဓားပြတိုက်၊ လုယက်မှု ကျူးလွန်မှုများတွင် ဦးဆောင်ကျူးလွန်ခဲ့သည့် ချမ်းမြသာစည် မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်နေ နေထက်လင်း(၂၉)နှစ် (ဘ)ဦးသံချောင်းအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိတရားခံ နေထက်လင်း၏ ထွက်ဆိုချက်အရ ကွင်းဆက်တရားခံများ ဖမ်းဆီးရမိရေး ဆက်လက် ဖော်ထုတ်ဖမ်းဆီးခဲ့ရာ ဓားပြတိုက်၊ လုယက်မှုများတွင် ပူးပေါင်းပါဝင်ခဲ့သူများဖြစ်သည့် ၎င်း၏ဇနီး မေမီမီကို(၃၁)နှစ် (ဘ)ဦးကိုကိုလွင်၊ စဉ့်ကိုင်မြို့နယ်၊ အရေးမဆိုကျေးရွာနေ ညီညီလွင်(ခ)ညီညီ(၂၉)နှစ်(ဘ)ဦးအေးကို၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်နေ ကိုကိုလွင်(၆၅)နှစ်(ဘ)ဦးတင်မောင်လေး၊ အမရပူရမြို့နယ်၊ ရေကြည်ပေါက်ကျေးရွာ နေသူများဖြစ်သည့် ရဲနိုင်ဝင်း(ခ)ဖိုးသား (၃၇)နှစ်(ဘ)ဦးခင်မောင်နှင့် ဟိန်းမင်းသူ(ခ)ဟူစိန်(၂၂)နှစ် (ဘ)ဦးမြင့်စိုး၊ မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့၊ အမှတ်(၁၀)ရပ်ကွက်နေ နေမင်းအောင်(ခ)ထက်လင်း(၂၆)နှစ် (ဘ)ဦးမြင့်စိုး၊ အမရပူရမြို့နယ်၊ စာတိုးကျေးရွာနေ မျိုးဇော်(၂၆)နှစ်(ဘ)ဦးမြင့်နောင်၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်နေသူများဖြစ်သည့် မင်းသက်နိုင်(ခ) ကျစ်ကျစ်(၂၈)နှစ်(ဘ)ဦးကိုကိုလွင်၊ ကျော်သီဟ(ခ)သီဟ(၂၄)နှစ်(ဘ)ဦးကျော်၊ မင်းသက်ကို (ခ)ချစ်ချစ်(၂၃)နှစ်(ဘ)ဦးကိုကိုလွင်၊ ပုသိမ်ကြီးမြို့နယ်၊ ကုလားကြီးကျေးရွာနေ ဇာနည်ထွန်း (ခ)ဇာနည်(၃၈)နှစ် (ဘ)ဦးကြည်လေး၊ နေပြည်တော်၊ သာဝတ္ထိမြို့၊ စက်ရုံစုရပ်ကွက်နေ ဉာဏ်ထက်လင်း(ခ)ကိုထက်(၃၁)နှစ်(ဘ)ဦးနေမျိုးလှိုင်၊ မုံရွာမြို့၊ မြဝတီရပ်ကွက် နေသူများဖြစ်သည့် သန်းသန်းမိုး(၅၁)နှစ်(ဘ)ဦးသံချောင်းနှင့် မြင့်မိုး(၅၁)နှစ်(ဘ)ဦးပေါ်ရှိန်၊ အမရပူရမြို့နယ်၊ ဘနောကျေးရွာနေ ဖြူစွာမင်း(ခ)ကတုံး(၃၀)နှစ်(ဘ)ဦးချွတ်၊ ဟုမ္မလင်း မြို့နေ ဇော်မျိုးထက်(ခ)ကိုမျိုး (၃၃)နှစ်(ဘ)ဦးသံချောင်းတို့ ပါဝင်သောဂိုဏ်းအဖွဲ့မှ တရားခံအမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၂ ဦး၊ စုစုပေါင်း ၁၇ ဦး တို့အား ပြစ်မှု ကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စတိုသေနတ် ၄ လက်၊ မော်တော်ယာဉ် ၃ စီး၊ ဆိုင်ကယ် ၁ စီး၊ ပြောက်ကျားဝတ်စုံ ၄ စုံတို့နှင့်အတူ ထပ်မံဖော်ထုတ်ဖမ်းဆီးရမိ ခဲ့ပါသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များအရ နေထက်လင်း၊ ညီညီလွင်၊ ဖြူစွာမင်းတို့ ၃ ဦးသည် ၁၃-၇-၂၀၂၃ ရက်နေ့က တံတားဦးမြို့နယ်၊ ခင်လူးလေးကျေးရွာနေ ကိုဟန်(ခ)ကိုသီဟန် မောင်းနှင်လာသည့် **YGN 2R-xxxx** **FORD DOUBLE CUB** မော်တော်ယာဉ်အား အကြမ်းဖက်လုယက်မှု ကျူးလွန်ရာတွင်လည်းကောင်း၊ နေထက်လင်း၊ ညီညီလွင်၊ ဖြူစွာမင်းတို့ ၃ ဦးသည် ၁၃-၇-၂၀၂၃ ရက်နေ့တွင် အမရပူရမြို့နယ်ရှိ "မောင်ဒိန်း" ရွှေဆိုင်အား လုယက်မှုကျူးလွန်ရာ တွင်လည်းကောင်း၊ နေထက်လင်း၊ ရဲနိုင်ဝင်း၊ ဟိန်းမင်းသူ၊ နေမင်းအောင်တို့ ၄ ဦး သည် ၁၄-၉-၂၀၂၃ ရက်နေ့တွင် ချမ်းမြသာစည်မြို့နယ်ရှိ **"Sky Star Mobile"** ဖုန်းဆိုင်မှ ဖုန်း ၈၄ လုံးနှင့် ငွေ ၇ သိန်းကျပ်ကျော်အား လုယက်မှုကျူးလွန်ရာ တွင်လည်းကောင်း၊ နေထက်လင်း၊ ညီညီလွင်၊ ရဲနိုင်ဝင်း၊ ဟိန်းမင်းသူ၊ နေမင်းအောင်တို့ ၅ ဦးသည် ၁၁-၁-၂၀၂၄ ရက်နေ့တွင် ကျောက်ဆည်မြို့မဈေးအတွင်းရှိ "ဦးသန်းထွန်း+ဒေါ်ခင်ရီ"ရွှေဆိုင်နှင့် "ဦးသန်းနိုင်+ဒေါ်သူဇာဝင်း"ရွှေဆိုင်တို့အား ဓားပြတိုက်မှုကျူးလွန်ရာတွင်လည်းကောင်း၊ နေထက်လင်း၊ မျိုးဇော်၊ နေမင်းအောင်၊ မင်းသက်နိုင်၊ ဇာနည်ထွန်း၊ သန်းသန်းမိုး၊ မြင့်မိုးတို့ ၇ ဦးသည် ၃၁-၅-၂၀၂၄ ရက်နေ့တွင် မဟာအောင်မြေမြို့နယ်၊ ၃၈×၃၉ လမ်းနှင့် ၈၄×၈၅ လမ်းကြားရှိ မန်းမြို့ဈေးအတွင်းရှိ "ဆယ်သန်း"ရွှေဆိုင်အား ဓားပြတိုက်မှုကျူးလွန်းရာတွင် လည်းကောင်း၊ နေထက်လင်းနှင့် ညီညီလွင်တို့ ၂ ဦးသည် ၁၇-၃-၂၀၂၅ ရက်နေ့တွင် ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ ၅၄×၅၅ကြား၊ **(11) F** လမ်းနေ ဒေါ်ဆွေဇင်ထွန်း ၏ နေအိမ်အတွင်းဝင်ရောက်၍ ငွေစက္ကူရောရာ ကျပ် ၁၁၉ သိန်းကျော်အား လုယက်မှုကျူးလွန်ရာတွင်လည်းကောင်း၊ နေထက်လင်း၊ ညီညီလွင်၊ မင်းသက်ကို၊ ကျော်သီဟ၊ မေမီမီကို၊ ဉာဏ်ထက်လင်းတို့ ၆ ဦးသည် ၅-၄-၂၀၂၅ ရက်နေ့တွင် အမရပူရမြို့နယ်၊ ဆင်ရွာမြင်းမူကျေးရွာရှိ "မြသဇင်" အထည်ဆိုင်အား ဓားပြတိုက်မှု ကျူးလွန်ရာတွင်လည်းကောင်း၊ နေထက်လင်း၊ ညီညီလွင်၊ မင်းသက်ကို၊ ကျော်သီဟ၊ မေမီမီကို၊ ကိုကိုလွင်နှင့် ဉာဏ်ထက်လင်းတို့သည် ၂၈-၄-၂၀၂၅ ရက်နေ့တွင် ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ ၅၅ လမ်း၊ ၁၀၃×၁၀၄ ကြားရှိ "ရွှေဇာမဏီ" ရွှေဆိုင်အား ဓားပြတိုက်မှု ကျူးလွန်ရာတွင်လည်းကောင်း အသီးသီး ပူးပေါင်းပါဝင်ကျူးလွန်ခဲ့ကြောင်း စစ်ဆေးဖော်ထုတ်သိရှိရပါသည်။

ဖော်ထုတ်ဖမ်းဆီးရမိသည့် ဓားပြတိုက်ခြင်း၊ လုယက်မှုများအား ကျူးလွန်ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအဖြစ် အယောင်ဆောင်ကျူးလွန်ခဲ့ကြကြောင်း အထောက် အထားများနှင့်တကွ စစ်ဆေးပေါ်ပေါက်ပြီး ဖမ်းဆီးရမိသည့် နေထက်လင်းပါ အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၂ ဦးတို့အား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြစ်မှုကျူးလွန်ရာတွင် ပူးပေါင်းပါဝင်ခဲ့ပြီး ဖမ်းဆီးရန်ကျန်တရားခံများနှင့် သိမ်းဆည်းရန်ကျန်လက်နက်ခဲယမ်းများအား အမြန်ဆုံး ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး၊ ဖြစ်စဉ်များတွင် ပါဆုံးခဲ့သည့် သက်သေခံပစ္စည်းများအား ပြန်လည်သိမ်းဆည်းနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## လယ်ဝေးမြို့နယ်တွင် ငွေကျပ် ၆ ဒသမ ၃၅ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၉ ဒသမ ၉ သိန်းနှင့် ဘိန်းဖြူ ၁၃၄ ကီလို ဖမ်းဆီးရမိ




လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လယ်ဝေးမြို့နယ်၊ အင်ပင် ကျေးရွာအုပ်စု၊ ရေနီလေးတံတားအနီး သတင်းအရစောင့်ဆိုင်းနေစဉ် ၂၀-၅-၂၀၂၅ ရက်နေ့ ၂၃၀၀ အချိန်တွင် အောင်နန်းချိုကျေးရွာဘက်မှ ပျဉ်းမနားမြို့ဘက်သို့ ဇင်မျိုးထက်အောင်(ခ)ကုလားလေး မောင်းနှင်ပြီး မင်းခန့်ကျော်နှင့် မြတ်စိုးဦး(ခ)စူပါတို့ လိုက်ပါလာသည့် **FUSO** ၁၂ ဘီး မော်တော်ယာဉ်နှင့် သူရိန်ကိုကို မောင်းနှင်ပြီး ကျော်မျိုးလှိုင်(ခ)ကျော်ကြီး၊ နေဦးရှိန်တို့လိုက်ပါလာသည့် **CHEVROLET** အမျိုးအစား မော်တော်ယာဉ် ၂ စီးတို့အား စစ်ဆေးရှာဖွေရာ ၎င်းတို့သယ်ဆောင်လာသည့် ဒေသတန်ဖိုးငွေကျပ် ၆ ဒသမ ၃၅ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၉ ဒသမ ၉၉၄ သိန်းနှင့် ပလပ်စတစ်ဆပ်ပြာခွက် ၁၃၄၂၀ ခွက်အတွင်းမှ ဘိန်းဖြူ အလေးချိန် ၁၃၄ ဒသမ ၂ ကီလိုတို့အား ဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက်ဖော်ထုတ် ချက်အရ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများအား လယ်ဝေးမြို့နယ်၊ အောင်နန်းချိုကျေးရွာ အနီး၌ လွှဲပြောင်းပေးခဲ့သူ သက်ထူးမောင်အား ၂၁-၅-၂၀၂၅ ရက်နေ့ ၀၉၀၀ အချိန်တွင် ပျဉ်းမနားမြို့၊ ပန်းခင်းလမ်းရှိဟိုတယ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ်မှ မန္တလေး တိုင်းဒေသကြီးသို့ သယ်ဆောင်ခိုင်းသူများမှာ ဖယ်ခုံမြို့နေ ပေါလု(ခ)ပေါလူချမ်းနှင့် စိုးလွင် တို့ဖြစ်ပြီး မူးယစ်ဆေးဝါးများ တာဝန်ခံသယ်ဆောင်သူမှာ ရမည်းသင်းမြို့နယ်နေ သိန်းစံထွန်း(ခ) ကုလားလေးဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက် ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေး အကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## စစ်ကိုင်းမြို့တွင် ငွေကျပ် ၅၂၅ သိန်းတန်ဖိုးရှိ ဘိန်းစိမ်းများဖမ်းဆီးရမိ

၂၀-၅-၂၀၂၅ ရက်နေ့ ၁၀၀၀ အချိန်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက် အနီးတွင် မန္တလေးမြို့မှ အင်းတော်မြို့ဘက်သို့ ဇော်ဖြိုးအောင် မောင်းနှင်ပြီး သက်ဝေထွန်း လိုက်ပါလာသော TOYOTA HIACE အမျိုးအစားမော်တော်ယာဉ်အား ရပ်တန့် စစ်ဆေးရှာဖွေရာ ယာဉ်ခေါင်မိုးပေါ်တွင် သိုဝှက်သယ်ဆောင်လာသည့် ဘိန်းစိမ်း အလေးချိန် ၃၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ် ၁၅ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၅၂၅ သိန်း) အား ဖမ်းဆီးရမိသဖြင့် ဇော်ဖြိုးအောင် (၃၅)နှစ်၊ သက်ဝေထွန်း (၃၆)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သတင်းရရှိသည်။



## မြိတ်မြို့တွင် ငွေကျပ်သိန်း ၁,၈၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ




၂၂-၅-၂၀၂၅ ရက်နေ့ ၀၇၀၀ အချိန်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ မြိတ်မြို့၊ မြိတ်တောင် ရပ်ကွက်၊ ဘုရားကိုင်လမ်းမကြီး၌ လမ်းလျှောက်လာသူ ခင်လတ်ဇော်အား ရပ်တန့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ပြား ဖမ်းဆီးရမိပြီး စစ်ဆေး ပေါ်ပေါက်ချက်အရ ၀၈၀၀ အချိန်တွင် မြိတ်မြို့၊ မြိတ်တောင်ရပ်ကွက်ရှိ ၎င်း၏ နေအိမ်အား ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ ပြား၊ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀ ပြား (တစ်ပြားလျှင် ၃,၀၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ်သိန်း ၁,၈၀၀) ဖမ်းဆီးရမိသဖြင့် ခင်လတ်ဇော်(၄၈)နှစ်အား မူးယစ်ဆေးဝါး နှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

## မင်းလှမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့တွင် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ငွေကျပ် ၁၆ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉၈ သိန်းခန့်အပါအဝင် အိုက်စ်(မက်သ်အဖက်တမင်း)၊ ကတ်တမင်းနှင့် စိတ်ပြောင်းဆေးဝါး Happy Water များ ဖမ်းဆီးရမိ



လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၉-၅-၂၀၂၅ ရက်နေ့ ၁၄၃၀ အချိန်တွင် မင်းလှမြို့နယ်၊ ပုသိမ်-မုံရွာသွားကားလမ်း၊ ရှမ်းတဲကျေးရွာအနီးတွင် သတင်းအရစောင့်ဆိုင်းနေစဉ် မင်းလှဘက်မှ မင်းတုန်းဘက်သို့ ပြည့်ဖြိုးကျော် မောင်းနှင် ပြီး မဇင်ဇင်ဝေ(ခ)ဇင်ဇင်မာ လိုက်ပါလာသည့် X-TRAIL မော်တော်ယာဉ်နှင့် ရန်နိုင်ထွဋ် မောင်းနှင်ပြီး တင်လတ် လိုက်ပါလာသည့် SURF မော်တော်ယာဉ်တို့ကို ရှာဖွေခဲ့ရာ အဆိုပါယာဉ် ၂ စီးပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၁ ဒသမ ၈ သိန်း ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့၏ ဖော်ထုတ်ချက်အရ ပျဉ်းမနားမြို့မှ မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမြို့နယ်သို့ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခိုင်းသူ မနန်း(ခ)မျိုးသီရိကျော်နှင့် မျိုးဇော်အောင် တို့ ၂ ဦး၏ မူးယစ်ဆေးဝါးသယ်ဆောင်ရာ၌ အသုံးပြုခဲ့သည့် TOYOTA HILUX SURF မော်တော်ယာဉ်တစ်စီးအား ပျဉ်းမနားမြို့၊ ရန်အောင်(၂)ရပ်ကွက်ရှိ ၎င်းတို့၏ နေအိမ်တွင် သိမ်းဆည်းရမိခဲ့ကြောင်း၊ မျိုးဇော်အောင်နှင့် မနန်း(ခ)မျိုးသီရိကျော်တို့သည် ပျဉ်းမနားမြို့နယ်၊ မြောက်လွတ်ကုန်းကျေးရွာရှိ၊ အောင်နိုင်၏ နွားခြံစတိုအတွင်း ကရင်ပြည်နယ်သို့ ပို့ဆောင်မည့် မူးယစ်ဆေးဝါးများ သိုဝှက်ထားကြောင်း သိရှိရသဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၁၀-၅-၂၀၂၅ ရက်နေ့ ၁၇၃၀ အချိန်တွင် ပျဉ်းမနားမြို့နယ်၊ မြောက်လွတ်ကုန်း ကျေးရွာရှိ အောင်နိုင်၏ နွားမွေးမြူရေးခြံသို့ ဝင်ရောက်ရှာဖွေခဲ့ရာ အောင်နိုင်နှင့် ဇော်ဝင်း တို့ ၂ ဦးအား စိတ်ကြွရူးသွပ်ဆေးပြား ၇၆ ဒသမ ၁၇၈ သိန်း၊ အိုက်စ်(မက်သ်အဖက် တမင်း) ၅ ကီလို၊ ကတ်တမင်း ၁ ကီလိုနှင့် စိတ်ပြောင်းဆေးဝါးများရောစပ်ထားသည့် Happy Water ၂ ဒသမ ၉၁၅ ကီလိုတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ဒေသတန်ဖိုးငွေ ၁၆ ဒသမ ၂ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉၇ ဒသမ ၉ သိန်းကျော်၊ အိုက်စ် (မက်သ်အဖက်တမင်း) ၅ ကီလို၊ ကတ်တမင်း ၁ ကီလိုနှင့် စိတ်ပြောင်းဆေးဝါးများရောစပ်ထားသည့် Happy Water ၂ ဒသမ ၉၁၅ ကီလိုတို့ ဖမ်းဆီးရမိခဲ့ကြောင်းနှင့် ၁၁-၅-၂၀၂၅ ရက်နေ့ ၀၉၃၀ အချိန်တွင် စိတ်ကြွရူးသွပ် ဆေးပြားများ တင်ဆောင်ပေးသူ ထွန်းလင်း(ခ)ရှမ်းကုလားအား ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ညောင်ခါးရှည်ကျေးရွာအနီးတွင် မော်တော်ဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ မျိုးဇော်အောင်နှင့် မနန်း(ခ) မျိုးသီရိကျော်တို့သည် ရှမ်းပြည်နယ်မှ သယ်ဆောင်လာသော မူးယစ်ဆေးဝါးများကို ပျဉ်းမနားမြို့နယ်မှတစ်ဆင့် မင်းတုန်းမြို့နယ်သို့ သယ်ဆောင်ရောင်းဝယ်ရာတွင် တင်လတ်(ခ)စောတင်လတ်မှ တာဝန်ခံ၍ ပြည့်ဖြိုး(ခ)ရန်နိုင်ထွဋ်၊ မဇင်ဇင်ဝေ(ခ)ဇင်ဇင်မာ တို့နှင့်အတူ သယ်ဆောင်ခြင်းဖြစ်ကြောင်း၊ ထို့အပြင် ကရင်ပြည်နယ်သို့ပို့ဆောင်မည့် မူးယစ်ဆေးဝါးများအား ပျဉ်းမနားမြို့နယ်၊ မြောက်လွတ်ကုန်းကျေးရွာရှိ အောင်နိုင်၏ နွားခြံတွင် သိုဝှက်ထားရှိကြောင်းသိရှိရသဖြင့် ၎င်းမူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက် ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေး အကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၂,၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



၂၇-၅-၂၀၂၅ ရက်နေ့ ၁၀၁၅ အချိန်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့် အတူ တာချီလိတ်မြို့နယ်၊ ဝမ်လုံးကျေးရွာအုပ်စု၊ လွယ်စတုံ(အောက်) ကျေးရွာအနီး၌ ယေရမိနှင့် လုကာတို့ စီးနင်းမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်များအား ရပ်တန့်စစ်ဆေးရှာဖွေရာ လုကာမှာ ဆိုင်ကယ်အား လှဲချထွက်ပြေးသွားပြီး ၎င်းတို့စီးနင်း လာသည့် ဆိုင်ကယ်များဖြင့် သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀,၀၀၀ ပြား (ဒေသကာလပေါက်ဈေးတန်ဖိုးငွေကျပ်သိန်း ၂,၀၀၀)နှင့် လက်ကိုင်ဖုန်း ၁ လုံး တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ယေရမိ(၁၉)နှစ်နှင့် လုကာတို့အား ဟောင်လိတ် နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၅) ကျင်းပ...မှ

အမျိုးသားအဆင့်မဟာဗျူဟာ(၂၀၂၄-၂၀၂၈)လုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် လုပ်ငန်းနယ်ပယ် ၅ ရပ်ဖြင့် ကော်မတီအသီးသီးကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ပါကြောင်း၊ ကော်မတီများအနေဖြင့် နှစ်အလိုက်လုပ်ငန်းစဉ်(**Annual Work Plan**) ရေးဆွဲဆောင်ရွက်ရေး၊ တိုးတက်မှုအစီရင်ခံစာများ ၃ လ တစ်ကြိမ်တင်ပြရေး၊ ကာလလယ်ပြန်လည်သုံးသပ်ရေး(**Mid-term Review**) စသည်တို့ကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ၂၀၂၉ ခုနှစ်တွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ တတိယအကြိမ် နိုင်ငံအချင်းချင်း အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (**Mutual Evaluation-ME**) ကို ဆောင်ရွက်ရန်ရှိသည့်အတွက် ဆောင်ရွက်ရမည့် **ME** လုပ်ငန်းစဉ်များအတွက် ကော်မတီများအနေဖြင့် ကြိုတင်စီမံထားကြရန် လိုအပ်ကြောင်း၊ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုနှင့် လူအများအပြားသေကြေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုသည် နိုင်ငံတစ်နိုင်ငံ၏ ပြဿနာမဟုတ်ဘဲ တစ်ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ခုဖြစ်သည့်အပြင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း အစိုးရတစ်ခုတည်းဖြင့် ဆောင်ရွက်၍မရဘဲ **Private Sector** ၏ အရေးပါမှုကို ထည့်သွင်းစဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဗဟိုအဖွဲ့တွင်လည်း **Private Sector** များ ပူးပေါင်းပါဝင်နိုင်ရေး **UMFCCI** သည် ကုန်သွယ်ရေး၊ စက်မှုလက်မှုနှင့် စီးပွားရေးလုပ်ငန်းပေါင်းစုံ အဖွဲ့အစည်းများဖြင့် ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်သည့်အတွက် **Public-Private Partnership** ကဏ္ဍ တိုးမြှင့်ဆောင်ရွက်ရေးအတွက် အလေးထားဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း ပြောကြားခဲ့ပြီး ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဝင်များ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့တို့မှ တက်ရောက်လာသူများက မိမိတို့တာဝန်ယူထားသည့် ကဏ္ဍအလိုက် ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များကိုတင်ပြဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ရုတ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

## မရမ်းကုန်းမြို့နယ်တွင် ငွေကျပ်သိန်း ၁,၃၈၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



၁၅-၅-၂၀၂၅ ရက်နေ့ ၁၅၀၀အချိန်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မရမ်းကုန်းမြို့နယ်၊ အမှတ်(၄)ရပ်ကွက်တွင် လမ်းလျှောက်လာသူ မောင်လှဝင်း၊ မောင်မြသန်းနှင့် ညီမ်းကိုတို့အား စစ်ဆေးရှာဖွေရာ ၄င်းတို့ ၃ ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၃,၈၀၀ ပြား (တစ်ပြားလျှင် ၁,၀၀၀ ကျပ်နှုန်းဖြင့် ၄င်းဒေသတန်ဘိုး ငွေကျပ်သိန်း ၁,၃၈၀) သိမ်းဆည်းရမိသဖြင့် မောင်လှဝင်း(၃၈)နှစ်၊ မောင်မြသန်း(၃၇)နှစ်နှင့် ညီမ်းကို(၂၅)နှစ်တို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

## မန္တလေးမြို့ပေါ်ရပ်ကွက်များအတွင်းသွားလာနေသူများထံမှ ရွှေထည်ပစ္စည်းများအား ဆိုင်ကယ်ဖြင့်လိုက်လံလုယက်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီး



မန္တလေးမြို့ပေါ်ရပ်ကွက်များ၌ ဆိုင်ကယ်စီးနင်းသွားလာနေသူများထံမှ ရွှေထည်ပစ္စည်းများအား ဆိုင်ကယ်ဖြင့်လိုက်လံ၍ လုယက်မှုများ မကြာခဏ ကျူးလွန်ဖြစ်ပွားလာသဖြင့် ကျူးလွန်သူတရားခံများအား ဖမ်းဆီးရမိရေး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များမှ အသွင်ယူသတင်းစုံစမ်းခြင်းများဆောင်ရွက်ခဲ့ရာ လုယက်မှုကျူးလွန်သူများဖြစ်သည် ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်နေသူများဖြစ်သည့် မျိုးထွန်းနိုင်(ခ)အရှည်ကြီး(၄၆)နှစ်(ဘ)ဦးသိန်းပိုင်နှင့် ကျော်မျိုးသူ(ခ)အောင်ပု(၄၁)နှစ်၊ (ဘ)ဦးကျော်ထွန်းတို့ ၂ ဦးအား ၂၁-၅-၂၀၂၅ ရက်နေ့ ၁၆၃၀ အချိန်တွင် မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၅၅×၃၉ လမ်းထောင့်၌ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိတရားခံ ၂ ဦး၏ ထွက်ဆိုချက်အရ ကွင်းဆက်တရားခံများဖြစ်သည့် မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်နေ ထွေးတင်(မ)(၅၃)နှစ်၊ (ဘ)ဦးခင်မောင်အား ညနေ ၁၇၃၀ အချိန်တွင် ၄င်း၏နေအိမ်၌လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်နေသူများဖြစ်သည့် ဇေယျာထွန်း(ခ)ဖိုးဆယ်(၂၉)နှစ် (ဘ)ဦးမြင့်ဦးနှင့် အောင်ထွန်းလင်း(ခ)ကျော်ကြီး(ခ)အောင်ထွန်း(၂၉)နှစ်(ဘ)ဦးလှမြင့်တို့ ၂ ဦးအား ည ၁၈၃၀ အချိန်တွင် အောင်ပင်လယ်ရပ်ကွက်ရှိ **3 COLOUR** တည်းခိုခန်း၌ ပြစ်မှုကျူးလွန်ရာတွင်အသုံးပြုသည့် ဆိုင်ကယ်တစ်စီးဖြင့်လည်းကောင်း အသီးသီးထပ်မံဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ မျိုးထွန်းနိုင်(ခ)အရှည်ကြီးနှင့် ကျော်မျိုးသူ(ခ)အောင်ပုတို့ ၂ ဦးသည် ၁၁-၅-၂၀၂၅ ရက်နေ့ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ ၅၂×၅၃ လမ်းကြား၌ ဆိုင်ကယ်စီးနင်းလာသည့် အမျိုးသမီး ၂ ဦးထံမှ ရွှေဆွဲကြိုး ၁ ကုံးအားလည်းကောင်း၊ မျိုးထွန်းနိုင်(ခ)အရှည်ကြီး၊ ကျော်မျိုးသူ(ခ)အောင်ပု၊ ဇေယျာထွန်း(ခ)ဖိုးဆယ်နှင့် အောင်ထွန်းလင်း(ခ)ကျော်ကြီး(ခ)အောင်ထွန်းတို့ ၄ ဦးသည် ၁၁-၄-၂၀၂၅ ရက်နေ့က ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ ၁၀၇×၁၁၀ လမ်းကြား၌ ဆိုင်ကယ်စီးနင်းလာသည့် အမျိုးသမီးတစ်ဦးထံမှ ရွှေဆွဲကြိုး ၁ ကုံးအားလည်းကောင်း၊ မေလအတွင်း ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ ၅၁×၅၂ လမ်းကြား၌ ဆိုင်ကယ်စီးနင်းလာသည့် အမျိုးသမီး ၁ ဦးထံမှ ရွှေဆွဲကြိုး ၁ ကုံးနှင့် ၁၀၇×၁၀၈ လမ်းကြား၌ ဆိုင်ကယ်စီးနင်းလာသည့် အမျိုးသမီး ၁ ဦးထံမှ ရွှေဆွဲကြိုး ၁ ကုံးအားလည်းကောင်း၊ မေလ ၁၇ ရက်နေ့က ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ ၅၂×၅၃ လမ်းကြား၌ ဆိုင်ကယ်စီးနင်းလာသည့် အမျိုးသမီး ၂ ဦးနှင့် ကလေး ၁ ဦးထံမှ ဆွဲသီးပါ ရွှေဆွဲကြိုး ၁ ကုံးအားလည်းကောင်း၊ ၁၉-၅-၂၀၂၅ ရက်နေ့ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ ၁၁၀×၁၁၁ လမ်းကြား၌ ဆိုင်ကယ်စီးနင်းလာသည့် အမျိုးသမီး ၂ ဦးထံမှ ရွှေဆွဲကြိုး ၁ ကုံးအားလည်းကောင်း၊ ဇေယျာထွန်း(ခ)ဖိုးဆယ်နှင့် အောင်ထွန်းလင်း(ခ) ကျော်ကြီး(ခ) အောင်ထွန်း တို့ ၂ ဦးသည် ဧပြီလအတွင်း ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ ၁၁၀×၁၁၁ လမ်းကြား၌ ဆိုင်ကယ်စီးနင်းလာသူ အမျိုးသမီး ၂ ဦးထံမှ ရွှေဆွဲကြိုး ၁ ကုံးအားလည်းကောင်း၊ မေလအတွင်းက မြို့သစ်(၄)ရပ်ကွက်၊ ၁၀၉ လမ်း၊ ၆၂×၆၃ လမ်းကြား၌ ဆိုင်ကယ်စီးနင်းလာသည့် အမျိုးသမီး ၁ ဦးထံမှ ရွှေဆွဲကြိုး ၁ ကုံး အားလည်းကောင်း လုယက်ယူဆောင်ခဲ့ကြောင်း၊ အထက်ပါဖြစ်စဉ်များမှ လုယက်မှုကျူးလွန်ရာမှရရှိခဲ့သည့် ရွှေထည်ပစ္စည်းများအား ထွေးတင်မှ နဝလီရွှေဆိုင်များတွင် သွားရောက်ရောင်းချကာ ခွဲဝေသုံးစွဲခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် လုယက်မှုကျူးလွန်းသူ တရားခံများဖြစ်သည့် မျိုးထွန်းနိုင်(ခ)အရှည်ကြီး၊ ကျော်မျိုးသူ(ခ)အောင်ပု၊ ဇေယျာထွန်း(ခ)ဖိုးဆယ်၊ အောင်ထွန်းလင်း(ခ)ကျော်ကြီး(ခ)အောင်ထွန်းနှင့် ရွှေထည်ပစ္စည်းများအားရောင်းချပေးသူ ထွေးတင်တို့အား သက်ဆိုင်ရာရဲစခန်းအသီးသီး၌ အမှုရေးဖွင့်ဆောင်ရွက်ကာ ဥပဒေနှင့်အညီထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဖြစ်စဉ်များတွင် ပါဆုံးခဲ့သည့် သက်သေခံပစ္စည်းများအား ပြန်လည်သိမ်းဆည်း၍ နစ်နာသူပိုင်ရှင်များထံ ပြန်လည်ပေးအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် လုယက်မှုကျူးလွန်ခံရသူများအနေဖြင့်လည်း မိမိတို့၏ ပစ္စည်းများနှင့်ပတ်သက်၍ ပြစ်မှုဖြစ်ပွားသည့် ရဲစခန်းများ၌ ဆက်သွယ်စုံစမ်းတောင်းခံနိုင်ပါကြောင်း သတင်းရရှိသည်။

# ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ငလျင်ဒဏ်သင့် ပြည်ထဲရေး ဝန်ကြီးရုံးအဆောက်အဦပြုပြင်နေမှု၊ ဝန်ထမ်းနှင့် မိသားစုဝင်များနေထိုင်နိုင်ရေး ယာယီဘာရာအဆောက်အအုံများနှင့် CONTAINER HOUSE များ နေရာချထား တပ်ဆင်တည်ဆောက်ပြီးစီးမှုများအား သွားရောက်ကြည့်ရှုစစ်ဆေး



၃၁-၅-၂၀၂၅ ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ငလျင်ဒဏ်သင့် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး ပြန်လည်ပြုပြင်နေမှုအခြေအနေများနှင့် ဝန်ကြီးရုံး၊ တပ်ဖွဲ့၊ ဦးစီးဌာနများမှ ငလျင်ဒဏ်သင့် ဝန်ထမ်းနှင့်မိသားစုဝင်များ ပြောင်းရွှေ့နေထိုင်နိုင်ရေး ယာယီဘာရာအဆောက်အအုံများနှင့် **CONTAINER HOUSE** များ နေရာချထား တပ်ဆင်တည်ဆောက်ပြီးစီးမှုအခြေအနေများအား ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်ရှိ ရုံးအမှတ်(၄၅)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲရေးချုပ်ရုံးအနီး မြေကွက်လပ်၌ တည်ဆောက်လျက်ရှိသည့် ယာယီဘာရာအဆောက်အအုံများ တည်ဆောက်ပြီးစီးမှုအခြေအနေများအားလည်းကောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ရုံးအမှတ်(၁၀) ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများနှင့် ရုံးအမှတ်(၁၀)အနီး မြေကွက်လပ်၌ တည်ဆောက်လျက်ရှိသည့် ယာယီဘာရာအဆောက်အအုံများ တည်ဆောက်ပြီးစီးမှု အခြေအနေများအားလည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ မှုခင်းဆိုင်ရာ **DNA** ဌာန ရုံးဝန်းအတွင်း မြေကွက်လပ်၌ ယာယီဘာရာအဆောက်အအုံများ တည်ဆောက်နေမှုအခြေအနေများအားလည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ်၊ ကျောက်မျက်အချောထည်ဈေး အတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ပိုင်မြေနေရာ၌ **CONTAINER HOUSE** များ တပ်ဆင်ဆောက်လုပ်နေမှု အခြေအနေများအားလည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ်၊ ရွာသစ်ကျေးရွာရှိ ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနခွဲဝန်းအတွင်း တည်ဆောက်ပြီးစီးခဲ့သည့် ယာယီဘာရာအဆောက်အအုံများနှင့် တပ်ဆင်ဆောက်လုပ်ဆဲ **CONTAINER HOUSE** များ တပ်ဆင်ဆောင်ရွက်နေမှုအခြေအနေများအားလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ တာဝန်ရှိသူများက အသေးစိတ်လိုက်လံရှင်းလင်းတင်ပြကြပါသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများအား ရုံးအဆောက်အဦ ပြန်လည်ပြုပြင်ရာ၌ **SOP** နှင့်အညီ သတ်မှတ်အရည်အသွေး စံချိန်စံနှုန်းပြည့်မီစေရေး၊ ယာယီဘာရာအဆောက်အအုံများနှင့် **CONTAINER HOUSE** များ၌ ရေ၊ မီး၊ မိလ္လာစနစ်များအား ကောင်းမွန်စွာရရှိအသုံးပြုနိုင်ရေး၊ အဆောက်အအုံများပတ်လည်တွင် ရေဝပ်မှုမရှိစေရေး ရေနုတ်မြောင်းများအား စနစ်တကျတူးဖော်ပေးရန်၊ မြေသားလမ်းများအား ဖြုန်းမြေသားထပ်ပိုး၍ စနစ်တကျ ခင်းကျင်းဆောင်ရွက်ပေးရန်နှင့် တည်ဆောက်မှုလုပ်ငန်းများအား အချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်သွားရန် ဖြည့်စွက်မှာကြားကာ လိုအပ်ချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



# ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၅) ကျင်းပ

ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့၏ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၅)ကို ၃-၆-၂၀၂၅ ရက်နေ့ ၁၄၀၀ အချိန်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ အရိန္ဒမာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးသို့ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးစိစ်အေး၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့မှ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က မြန်မာနိုင်ငံကို **FATF** မှ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလမှစ၍ တိုးတက်ဆောင်ရွက်နေမှုများကို စောင့်ကြည့်မည့်နိုင်ငံနှင့် ဒေသများစာရင်း **(Gray List)** တွင် ထည့်သွင်းခဲ့သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် လတ်တလော အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အစီအမံ **(Action Plan)** တွင် ပါသည့်အချက်များအပေါ် အလေးထား၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး တိုးတက်ဆောင်ရွက်မှု အစီရင်ခံစာပေးပို့ခြင်းနှင့် မျက်နှာစုံညီအစည်းအဝေးတက်ရောက်ခြင်းတို့ကို (၄)လတစ်ကြိမ် ဆောင်ရွက်လျက်ရှိကြောင်း၊ **Action Plan** ပါ အချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆောင်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး **Action Plan** ပါ အချက် ၁၅ ချက်အနက် ယခုလက်ရှိ အချက် ၆ ချက်သာ ကျန်ရှိတော့သဖြင့် ကျန်ရှိသည့်အချက်များကို ပြီးမြောက်စေရေး သက်ဆိုင်ရာဌာနအသီးသီးမှ ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း၊ မကြာသေးမီက ပြဋ္ဌာန်းခဲ့သည့်





**စာမျက်နှာ (၁၅)သို့**